# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၈၁)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် ၊ ၁၄-၉-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးဇုန်အပါအဝင် ပြည်တွင်းခရီးစဉ်ဒေသများသို့ အပြန်အလှန်အလည်အပတ်ခရီးစဉ်များ စီစဉ်ဆောင်ရွက်သွားမည်



Photo By Aung Min Oo

**မန္တလေး စက်တင်ဘာ ၁၃**

ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍတစ်ခုအနေဖြင့် မန္တလေးဇုန်အပါအဝင် ပြည်တွင်းခရီးစဉ်ဒေသများသို့ အပြန်အလှန် အလည်အပတ်ခရီးစဉ် (Fun Trips) များ စီစဉ်ဆောင်ရွက်သွားရန်ရှိကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

အဆိုပါ အပြန်အလှန် အလည်အပတ်ခရီးစဉ် (Fun Trips)များ စီစဉ် ဆောင်ရွက်သွားနိုင်ရန်အတွက် တရုတ်နိုင်ငံ တက်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး)ဖြင့် ချိတ်ဆက်ကာ Tourism Promotion ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း မန္တလေးဇုန် ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏဇင်က ပြောသည်။

" မန္တလေးမှာရှိတဲ့ တက်ဟုန် ကုန်သည်ကြီးများ အသင်းနဲ့

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ


**ယနေ့ ဖတ်စရာ အညွှန်း**

- ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည် — စာမျက်နှာ ၂
- ရိုက်ကိုလီပစ် မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို — စာမျက်နှာ ၁၁
- ဦးဘသိန်း(မန္တလေး)နှင့် သူ၏ ထင်ရှားသော အနုပညာသည်များ (ဆောင်းပါး) — စာမျက်နှာ ၁၇

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## စည်းကမ်းကို ကောင်းစွာလိုက်နာကျင့်သုံးခြင်းဖြင့် ဘဝကို မြင့်မားအောင် တည်ဆောက်ပါ

လူတိုင်း၏ဘဝကို မြင့်မားအောင်ဖန်တီးပေးနိုင်သည့်အချက်မှာ စည်းကမ်းပင်ဖြစ်သည်။ လူတိုင်း တွင်တွင်ကျယ်ကျယ်အသုံးပြုနေသော စကားလုံးမှာလည်း စည်းကမ်းသည် လူ့တန်ဖိုးဟု သုံးနှုန်းနေကြသည်။

လူတိုင်း မိမိဘဝကို မြင့်မားစွာဆောက်တည်နေထိုင်လိုကြသည်။ သို့သော် စိတ်ကသာ ဖြစ်ချင်ပါသော်လည်း လက်တွေ့နယ်ပယ်တွင် မဖြစ်နိုင်ကြပါ။ လူနည်းစုကသာ အောင်မြင်စွာဆောက်တည်နိုင်ကြသည်။ အကြောင်းကား လိုရာပန်းတိုင်သို့ ရောက်ရှိရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ဇွဲနှင့်လုံ့လတို့ လိုအပ်သောကြောင့် ဖြစ်သည်။

စည်းကမ်းကို ငယ်စဉ်ကျောင်းသားလူငယ်အရွယ်ကပင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့်စွဲမြဲသွားလျှင် စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်တော့ပါ။ သာမန်လုပ်ကိုင်ဆောင်ရွက်နေရသကဲ့သို့ ပေါ့ပါးသွက်လက်လာမည်ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသော ဆောင်ပုဒ်သည် ပထမအရွယ် ကျောင်းသားဘဝကပင် စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ကြောင်းကို ညွှန်ဆိုနေခြင်းဖြစ်သည်။ ကျောင်းနေစဉ်အရွယ်၌ သတ်မှတ်ထားသော ကျောင်းဝတ်စုံဝတ်ဆင်ကြရသည်။ သတ်မှတ်ထားသော ကျောင်းချိန်အမီ အချိန်မှန်တက်ကြရမည်။ အချိန်မှန်ကျောင်းဆင်းကြရမည်။ ဤသည်တို့မှာ ကျောင်းသားကျောင်းသူတိုင်း လိုက်နာရမည့် အခြေခံစည်းကမ်းဖြစ်သည်။

ထို့ပြင် ဒုတိယအရွယ်တွင် ဥစ္စာရှာကြရမည်ဖြစ်သည်။ ထိုသို့ ဥစ္စာရှာဖွေရာတွင် အလုပ်ခွင်စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ တစ်ဖန် တတိယအရွယ်တွင် တရားဘဝနာရှာဖွေကြရမည်ဖြစ်သည်။ တရားအားထုတ်ရန် တရားစခန်း၊ ရိပ်သာများကို သွားရောက်မည်ဆိုပါက သက်ဆိုင်ရာ တရားစခန်း၏ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။

စည်းကမ်းဟူသည် လူတိုင်း၏ ကိုယ်ကျင့်တရားနှင့် ဆက်နွှယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ စည်းကမ်းရှိသူသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ စည်းကမ်းတကျနေထိုင်တတ်စေရန် အားပေးတတ်ကြသည်။ ဘဝအောင်မြင်ရေး ဘဝရပ်တည်နိုင်ရေး အစရှိသည့်ကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ ထိုသို့ နေရာတိုင်းတွင် ချမှတ်၊ သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်။ စည်းကမ်းကို ကောင်းစွာသင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်သည်။ စည်းကမ်းနှင့်ပတ်သက်ပြီး ဗုဒ္ဓဘုရားရှင်၏ လက်ယာတော်ရံ ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးသည် ဝိနည်းတော်စည်းကမ်းချက်များကို အလွန်လေးစားလိုက်နာသူဖြစ်ကြောင်း တွေ့ရသည်။

ထို့ပြင် ပျင်းရိခြင်းသည် စည်းကမ်းလိုက်နာခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ပျင်းရိခြင်းသည် လူတိုင်းအတွက် ကိုယ်ရည်ကိုယ်သွေးကို ဖျက်ဆီးပစ်နေသော အဖျက်တရားဖြစ်၍ ဤအဖျက်တရားကို မိမိတို့ အလေ့အကျင့် စရိုက်သဘာဝထဲသို့ ဝင်ရောက်မလာနိုင်အောင် အစဉ်သတိမူ တားဆီးကြရမည်ဖြစ်သည်။

လူ့လောကကြီး တည်ရှိနေခြင်းမှာ စည်းကမ်းအထိန်းအကွပ်ကြောင့်ဖြစ်သည်။ စည်းကမ်းသည် လူတစ်ဦးချင်းစီ၏ ဘဝများကိုလည်း မြှင့်တင်ပေးသည်။ စည်းကမ်းသည် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်ဖြစ်သည်။

သို့ဖြစ်ရာ မြတ်စွာဘုရားရှင်ကပင် မင်္ဂလာသုတ်တော်၌ "ဝိနယောစသုသိက္ခိတော" ကျင့်ဝတ်စည်းကမ်းကို ကောင်းစွာသင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏ဟု မိန့်ကြားတော်မူခဲ့ရာ လူတိုင်းလူတိုင်း သတ်မှတ်ထားသည့်စည်းကမ်းများ အစဉ်အမြဲ လိုက်နာကျင့်သုံးကာ မိမိဘဝကို မြင့်မားအောင်နေထိုင်သွားလာရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်




**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့်အစီအစဉ်များကို စက်တင်ဘာ ၁၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဝါခင်းကုန်းရပ်ကွက်၊ ၃၅လမ်း၊ ချမ်းအေးသာစံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ၈၅လမ်း၊ ၃၅လမ်းနှင့် ၃၆ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈ လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၉လမ်းနှင့် လမ်း ၆၀ကြားတွင်လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်ရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-ဖ)

## ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်များတွင် ပြည်သူများသို့ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျီကုန်းရပ်ကွက်နှင့် တံခွန်တိုင်ရပ်ကွက်၌ ယနေ့ နံနက် ၉ နာရီမှ ၁၂နာရီအထိ ကျီကုန်းရပ်ကွက်ဓမ္မာရုံနှင့် မျိုးသိန်းဓမ္မာရုံတို့တွင် ရပ်ကွက်နေပြည်သူများသို့ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၂) ဦးကျော်စိုးဝင်းက မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမင်းစိုးနိုင်က မဲပေးပုံ၊ မဲပေးနည်းများ ရှင်းလင်းပြောကြားခြင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်ရေးအတွက် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့ပြီး တစ်ဦးချင်း ကိုယ်တိုင် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့သည်။



(အပေါ်ပုံ)

အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ကျဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှအဖွဲ့ဝင်များ၊ ကျီကုန်းရပ်ကွက်နှင့် တံခွန်တိုင်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်စာရေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကျီကုန်းရပ်ကွက်နေပြည်သူ ၇၀၀ ဦးခန့်၊ တံခွန်တိုင်ရပ်ကွက်နေပြည်သူ ၅၀၀ ဦးခန့် တက်ရောက်ကာ တစ်ဦးချင်း ကိုယ်တိုင်စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

စင်မင်းမောင်

## မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် ဈေးများတွင် အထူးသန့်ရှင်းရေး ဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် သီရိမာလာငါးဈေးတွင် အထူးသန့်ရှင်းရေးလုပ်ငန်းကို ယနေ့နံနက် ၇ နာရီမှ မွန်းလွဲပိုင်းထိ ဈေးအတွင်း၊ အပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းကို သန့်ရှင်းရေးဌာန၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဈေးနှင့်သားသတ်ဌာနမှ အရာထမ်း၊ အမှုထမ်းများက အထူးသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

(ဝဲပုံ)

ထို့ပြင် အထူးသန့်ရှင်းရေးလုပ်ငန်းကို ၇၇လမ်းနှင့် ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ရတနာပုံဈေးပတ်လည်တို့တွင် ဆောင်ရွက်ခဲ့ရာ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ဌာနအလိုက် အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ မကြာမီ ရတနာပုံဈေး ပြန်လည်ဖွင့်လှစ်နိုင်ရန် ဈေးအတွင်း မီးသတ်ရေပိုက်ဖြင့် ပက်ဖျန်းရှင်းလင်းကာ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဖ)

**အသက်သည်သွေး၊ သွေးသည်အသက်။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်းတို့ MoU ရေးထိုးဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီအစီအစဉ်အရ သူတို့ဘက်ကနေ ကျွန်တော်တို့ဆီကို ခရီးသွားကိုယ်စားလှယ်တွေ လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ပြီး ကျွန်တော်တို့ ဘက်ကလည်း သူတို့ပြည်နယ်တွေကို သွားရောက်လည်ပတ်တဲ့ Fun Trips စီစဉ်ပြီး Tourism Promotion လုပ်ဖို့ MoU လက်မှတ်ထိုးဖို့ စကားပြောထားပါတယ် "ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း ဦးဆောင်မှုဖြင့် မန္တလေးဒေသနှင့်ပုဂံဇုန်၊ တောင်ကြီး-အင်းလေးဇုန် စသည်ဖြင့် ပြည်တွင်းမှ သဘာဝအခြေခံ ခရီးသွားဒေသများသို့ လည်ပတ်နိုင်ကြောင်း ကမ္ဘာလှည့်ခရီးသွားများ သိရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းနှင့် ရှိပြီးဖြစ်သော ခရီးစဉ်ဒေသများကို ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကျဆင်းခဲ့တဲ့ ခရီးသွားလုပ်ငန်းဟာ အခုဆိုရင် ဖွံ့ဖြိုးလာပြီ။ ပြည်တွင်းမှာ လာရောက်လည်ပတ်လို့ ရတယ်ဆိုတာ သိရှိအောင်လုပ်ခြင်းဖြင့် ပြန်လည်တိုးတက်လာမှာပါ။ ဒေသအသစ်တွေ ဖော်ထုတ်မယ်၊ ဒေသအဟောင်းတွေလည်း ထိန်းသိမ်းမှုတွေလုပ်မယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင် နိုင်ငံတကာ လေယာဉ်ကွင်းရှိသည့်အတွက် မန္တလေးဇုန်သာမက ပုဂံဇုန်၊ တောင်ကြီး-အင်းလေးဇုန်ဒေသများရှိ သဘာဝအခြေခံခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရန် Fun Trips အစီအစဉ်ဖြင့် Tourism Promotion ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့်အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ဘော်လီဘောခန်းမ၌ ကျင်းပသည်။

**(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးခိုင်က E-cigarette (Vape) အန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)အတွင်းရေးမှူး ဒေါက်တာတင်ထွန်းမော်က မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် ဆေးလိပ်အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဒေါ်သဲဇာခြည်မောင်က Party Drugs များ အကြောင်း အသိပညာပေးဟောပြောကြသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များကို ကျောင်းတာဝန်ရှိသူများအား ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း)က နိဂုံးချုပ်အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲနှင့် ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲနှင့်ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဆင်အကအလှပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဦးထိုက်ထိုက်ဇော်က ဆင်အကအလှပြိုင်ပွဲကို ယခင်နှစ်များအတိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုကြေးများကိုလည်းထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆင်အကအလှပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြိုင်ပွဲဝင်ရာ၌ အခက်အခဲများရှိပါက ဆွေးနွေးတင်ပြကြစေလိုကြောင်းနှင့် ဘော်ကြယ်၊ ရိုးရာ၊ ကလေးဆင်အဖွဲ့များအနေဖြင့် ပြိုင်ပွဲများအလိုက် ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသော မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲ့များက ယခင်နှစ်များက ကြုံတွေ့ရသည့် အခြေအနေများ အသီးသီးတင်ပြကြရာ လုပ်ငန်းများအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆင်အကအလှပြိုင်ပွဲကို ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၅)**




**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဓလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဒွါဒသမပုံမှန်အစည်းအဝေး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဒွါဒသမ ပုံမှန်အစည်းအဝေး(၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ မြေငလျင်ဒဏ်ခံရနိုင်သည့် နိုင်ငံတစ်ခုဖြစ်၍ အင်ဂျင်နီယာပညာရှင်များအနေဖြင့် ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများ တည်ဆောက်နိုင်ရန်နှင့် အသိပညာပေးရေးလုပ်ငန်းများသည်လည်းအရေးကြီးကြောင်း၊ ငလျင်ဒဏ်ကို ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကို တည်ဆောက်နိုင်ခြင်းသည်အနာဂတ်မျိုးဆက်များ၏ ဘေးကင်းလုံခြုံမှုကို အာမခံပေးနိုင်သလို ပိုင်ဆိုင်မှုများကိုလည်း ထိခိုက်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသံနှင့်သံမဏိအသင်းနှင့် ပူးပေါင်းပြီး ငလျင်ဒဏ်ခံဆောက်လုပ်ရေးလုပ်ငန်း သုံးသံမဏိနှင့်ပတ်သက်၍ ဟောပြောပွဲများကို ပြုလုပ်ပေးခြင်းသည် အချိန်နှင့်တစ်ပြေးညီ အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အတွက် အရေးကြီးသည့် လူမှုစီးပွားဘဝ တိုးတက်အောင်မြင်စေမည့် စီးပွားရေး၏ အသက်သွေးကြောသဖွယ် အရေးကြီးသော MSME များတွင် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍသည်အရေးပါသဖြင့် "MSME များနှင့် စက်မှုလုပ်ငန်းကြီးများ ဖွံ့ဖြိုးတိုးတက်ရန် အင်ဂျင်နီယာများ၏ အရေးပါမှု"ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် "MSME များနှင့် စက်မှုလုပ်ငန်းကြီးများ ဖွံ့ဖြိုးတိုးတက်ရန် အင်ဂျင်နီယာများ၏ အရေးပါမှု"ခေါင်းစဉ်ဖြင့် MSME များ၏ သမိုင်းကြောင်း၊ နိုင်ငံအလိုက် MSME ကဏ္ဍပါဝင်မှုအခြေအနေ၊ မြန်မာနိုင်ငံအတွက် MSME ၏ အရေးပါမှု၊ MSME လုပ်ငန်းတစ်ခုအတွက် အင်ဂျင်နီယာအမျိုးအစားအလိုက် ပံ့ပိုးပေးနိုင်သော နယ်ပယ်များ၊ အင်ဂျင်နီယာများက MSME ကို မည်သို့ ပံ့ပိုးပေးမလဲ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသည့် စက်မှုလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် အင်ဂျင်နီယာများ ဆက်စပ်မှု၊ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များနှင့် CMP လုပ်ငန်းများကို အင်ဂျင်နီယာများက မည်သို့ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ကို Power Point များဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဒွါဒသမပုံမှန်အစည်းအဝေး အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

**ပြန်လည်ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၌ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း(ဆိုလာစနစ်) ဖွင့်လှစ်ရာတွင် သင်ထောက်ကူပစ္စည်းအဖြစ် အသုံးပြုရန် ဆိုလာနှင့် ဆက်စပ်ပစ္စည်းလှူဒါန်းမှု အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းသည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စက်မှုဝန်ကြီးဌာနမှ စက်ရုံများအား ငှားရမ်း/အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်ကြီးများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့် အခက်အခဲများ၊ လက်ရှိလုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူးများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသည့် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## ရှေးဦးပြုစုခြင်းသည် ဆေးရုံမရောက်မီ အသက်ကယ်ကုသခြင်း (Pre Hospital Care) ၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်

နေပြည်တော် စက်တင်ဘာ ၁၃

၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် မိတ်ဖက်အမျိုးသား ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "ဥတုဖောက်ပြန် သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်" " FIRST AID AND CLIMATE CHANGE" ဖြစ်ပါကြောင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကြုံတွေ့လာနိုင်သော ထိခိုက်ဒဏ်ရာရရှိမှုများကို ရှေးဦးပြုစုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ဖော်ကျူးထားခြင်းဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်းသည် ဆေးရုံမရောက်မီ အသက်ကယ်ကုသခြင်း (Pre Hospital Care) ၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်း (First Aid) ဖြင့် ကူညီပြုစုပေးပြီး ဆေးရုံကို ပို့ဆောင်ရာတွင် ဆေးရုံ၏ (Post Hospital Care) ကို များစွာအထောက်အကူဖြစ်ကြောင်း၊ လူနာများအတွက် ဒဏ်ရာအခြေအနေ ပိုမိုမဆိုးစေရန်နှင့် အသက်ရှင်သန်စေရန်လည်း အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို First Responder အဖြစ် ဆောင်ရွက်ပေးရုံသာမကဘဲ နိုင်ငံအတွင်းတွင် လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးတွင် ကူညီခြင်း၊ စေတနာသွေးလှူရှင် လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများ၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ၊ မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းကြုံတွင် ပြင်ဆင်တုံ့ပြန်ခြင်းလုပ်ငန်းများအပြင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးတွင် ထိခိုက်ခံစားခဲ့ရသော ပြည်သူလူထုအတွက် ရှေးဦးပြုစုခြင်းအပါအဝင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကူညီဆောင်ရွက်နေသည်ကို တွေ့မြင်ရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းအဖွဲ့များ ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများကို နိုင်ငံတကာကပေးသော အကူအညီအထောက်အပံ့များ ကူညီပံ့ပိုးရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမှန်တကယ် လိုအပ်နေသည့် ပြည်သူလူထုလက်ထဲသို့ အချိန်မီရောက်ရှိစေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး စီမံခန့်ခွဲကြီးကြပ်ပေးရန် အလေးအနက်ထား ပြောကြားလိုကြောင်း။




ကြက်ခြေနီမောင်မယ်များအနေဖြင့် မိမိတို့ ပိုင်နိုင်စွာ တတ်ကျွမ်းထားသော ရှေးဦးပြုစုခြင်းနည်းစနစ်များကို အများပြည်သူ လက်လှမ်းမီသိရှိသင်ယူနိုင်စေရန်အတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခါသမယတွင် အသင်းအဆင့်ဆင့် တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များအားလုံး ယခုထက်ပိုမိုပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးပြု လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Mr. Xavier Macquerh တို့က နှုတ်ခွန်းဆက်စကား ပြောကြားကာ ရှေးဦးပြုစုခြင်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုကို ချီးမြှင့်ပေးအပ်ပြီး ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်ပြခန်းငယ်နှင့် ရွှေ့လျားရေသန့်စက်၊ Roam Water Filter တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ)

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အမှတ်(၁) ဓာတ်အားပေးစက် စမ်းသပ်မောင်းနှင်လည်ပတ်နေမှုနှင့် အမှတ်(၂)ဓာတ်အားပေးစက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရာဂီမုန်တိုင်းကြောင့် ရေဝင်နစ်မြုပ်ခဲ့သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက် နှစ်လုံးအနက် အမှတ်(၁) ဓာတ်အားပေးစက် ပြန်လည်ပြုပြင်ပြီး စမ်းသပ်မောင်းနှင် လည်ပတ်နေမှုနှင့် အမှတ်(၂) ဓာတ်အားပေးစက် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ၌ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး စက်ရုံအဆောက်အအုံအတွင်း အမှတ်(၁) ဓာတ်အားပေးစက် ပြန်လည်ပြုပြင်ပြီး စမ်းသပ်မောင်းနှင် လည်ပတ်နေမှုနှင့် အမှတ်(၂) ဓာတ်အားပေးစက်၏ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံခြားသား ပညာရှင်များနှင့် တွဲဖက်၍ ဓာတ်အားပေးစက်များ ပြုပြင်ခြင်း လုပ်ငန်းများနှင့် ဓာတ်အားထုတ်လုပ် မောင်းနှင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေရသော်လည်း မိမိတို့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရန် လိုအပ်လာပါက ပြုပြင်ထိန်းသိမ်းမောင်းနှင်နိုင်ရန်အတွက် ယခုအချိန်ကတည်းက ကျွမ်းကျင်မှုရှိစေရေး နည်းပညာဆိုင်ရာ အတွေ့အကြုံများရယူ၍ လေ့လာဆည်းပူးထားရန်လိုအပ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တမံအတွင်း ရေဝင်ရောက်မှု၊ နှန်းမြေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှု အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး တမံကြံ့ခိုင်မှု အခြေအနေကိုစဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားရန်နှင့် တမံလုံခြုံရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက် ၇၀ မဂ္ဂါဝပ် နှစ်လုံးဖြင့် စုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ကို ၂၃၀ ကေဗွီ အထက်ပေါင်းလောင်း-နန်ချို ဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိရာ ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်း၍ ထူးကဲစွာ ရေဝင်ရောက်မှုကြောင့် ဓာတ်အားပေးစက်ရုံ အဆောက်အအုံအတွင်း ဓာတ်အားပေးစက် အစိတ်အပိုင်းများ တပ်ဆင်ထားသည့် စက်ရုံမြေအောက်ထပ်များ အားလုံး ရေဝင်နစ်မြုပ်ခဲ့သည့်အတွက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများ ရပ်နားခဲ့ရပြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အမှတ်(၁) ဓာတ်အားပေးစက် ၇၀ မဂ္ဂါဝပ်ကို ပြန်လည်ပြုပြင်ပြီးဖြစ်သဖြင့် စမ်းသပ်မောင်းနှင် လည်ပတ်လျက်ရှိပြီး အမှတ်(၂)ဓာတ်အားပေးစက် ၇၀ မဂ္ဂါဝပ်ကိုလည်း အမြန်ဆုံး စမ်းသပ်မောင်းနှင် လည်ပတ်ပြီး ဓာတ်အားထုတ်လုပ်နိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင် ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်သို့သွားရောက်၍ မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ တက္ကသိုလ်ကျောင်းဝင်းအတွင်း နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးများသည် မန္တလေးတက္ကသိုလ်ရာပြည့်သဘင် ကျင်းပမည့်တက္ကသိုလ်အဝင်မုခ်ဦးဝသို့ သွားရောက်၍ သန့်ရှင်းရေး၊ ဥပမိရပ်ကောင်းမွန်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မန္တလေးတက္ကသိုလ်အတွင်း ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် ကမ္ပည်းမော်ကွန်း စိုက်ထူမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ကျောင်းသားဟောင်းများ၊ အင်ဂျင်နီယာများ၏ တင်ပြချက်များကို ဒုတိယဝန်ကြီးများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ မန္တလေးတက္ကသိုလ်နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ကျင်းပရေး စီမံချက်တွင်ပါဝင်သည့် ကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေ၊ ကော်မတီများက ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေ၊ ပြင်ဆင်ဆောင်ရွက်ဆဲ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးအတွက် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိသားစုဝင်ငွေတိုးရေးစီမံကိန်း သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း အမျိုးသမီးများ ဝင်ငွေတိုးရေး လုပ်ငန်းနှင့် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး သော်ထိုက်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ညောင်ဦးမြို့နယ်၊ အရှေ့ဖွားစောကျေးရွာနှင့် ဝါခင်းကြီးကျေးရွာတို့မှ စက်ချုပ်လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းထူထောင်လိုသူ ၁၀ဦးကို လုပ်ငန်းသုံးစက်ပစ္စည်းများ ဖြစ်သည့် အပ်ချုပ်စက်၊ ကင်းချည်စက်၊ ထုပ်သီးရိုက်စက်၊ မီးပူ၊ မီးပူတင်ခုံ သုံးမျိုး၊ အရုပ်မ၊ ဂျုံမွှေစက်၊ အိတ်ပိတ်စက်၊ စတီးဇွန်းများကို တာဝန်ရှိသူများက ပေးအပ်ကြပြီး တက်ရောက်လာသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ (၄၈၁)



(အောက်ပုံ)

# မြေပဲစိုက်ခင်းများ စတင်နုတ်သိမ်း တစ်ဧကလျှင် ၅၅ ဒသမ ၄၂ တင်းနှုန်း ထွက်ရှိ

**ပွင့်ဖြူ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများမှာ မိုးလေဝသကောင်းမွန်မှုကြောင့် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး နုတ်သိမ်းခွေလှေ့ချိန်ရောက်ရှိလာပြီဖြစ်၍ တောင်သူများက ဩဂုတ်လ ဒုတိယပတ်မှ စတင်နုတ်သိမ်းလျက်ရှိရာ တစ်ဧကလျှင် မြေပဲတောင့်တင်းရေ ၅၅ ဒသမ ၄၂ တင်းနှုန်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများသီးနှံဝင်ငွေ တိုးပွားစေရန်အတွက် မြေပဲ ၅၂၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ မြေပဲစိုက်ခင်းများကို တောင်သူများက ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲစိုက်ဧက ၃၈၂ ဧကအထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၅ ဒသမ ၄၂ တင်း ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာ၌ မြို့နယ်အတွင်းရှိ မြေပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀


# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးလျှင်ကြီးကြောင့် တိမ်းစောင်းသွားခဲ့သည့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီး ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အနီးကပ်ကြီးကြပ်ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၃**


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ဘူမိဗေဒပညာရှင်အဖွဲ့လိုက်ပါပြီး ယနေ့ညနေပိုင်းက မန္တလေးငလျင်ကြီးကြောင့် တိမ်းစောင်းသွားခဲ့သည့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီးအား ဘေးပတ်ဝန်းကျင်အန္တရာယ်မဖြစ်ပေါ်စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ဘေးပတ်ဝန်းကျင်အန္တရာယ်မဖြစ်ပေါ်စေရန် မွမ်းမံပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အနီးကပ်ကြည့်ရှုစစ်ဆေးဆောင်ရွက်လျက်ရှိပြီး အဆိုပါကွင်းဆင်းစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဘူမိဗေဒပညာရှင်အဖွဲ့၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့၊ တာဝန်ရှိသူများက ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီး၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများ၊ စောင့်ကြည့်နေမှု၊ ထိန်းသိမ်းဆောင်ရွက်မည့် နည်းလမ်းများအတွက် တိုင်းတာတွက်ချက်ပြီး လုပ်ငန်းအပိုင်းအလိုက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား အမြန်ဆုံးအကောင် အထည်ဖော်ဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် ပညာသင်ကြားနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် ပြောကြားပြီးနောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေသူများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် အမရပူရမြို့နယ် တောင်သမန်အင်းသို့ ရောက်ရှိပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အတွင်းမြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် Mandalay Earthquake Clinic Closing Ceremony နှင့် ငလျင်ပြီးနောက် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သော Volunteers များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး စက်တင်ဘာ ၁၃**

Mandalay Earthquake Clinic Closing Ceremony နှင့် ငလျင်ပြီးနောက် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သော Volunteers များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်(UNDP)စီမံကိန်းမန်နေဂျာ နှင့် Mandalay Earthquake Clinic မှ တာဝန်ရှိသူများ၊ Volunteers ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး)၊ အထပ်မြင့်နှင့် အများပြည်သူအဆောက်အအုံများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ငလျင်ကော်မတီတို့မှ အင်ဂျင်နီယာပညာရှင်ကြီးများ၊ အခြားပညာရှင်ကြီးများနှင့် Volunteer များအနေဖြင့် မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးပြီးချင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ နောက်ဆက်တွဲငလျင်များကြောင့် ဖြစ်ပွားတတ်တဲ့ နောက်ဆက်တွဲပျက်စီးဆုံးရှုံးမှုများ နည်းပါးစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပရဟိတစိတ်အပြည့်ဖြင့် ကူညီဆောင်ရွက်ခဲ့သူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ငလျင်နှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေးလုပ်ငန်းများတွင် တစ်ဦးတစ်ယောက်ချင်းစီ ဆောင်ရွက်ရမည့်တာဝန်များရှိသကဲ့သို့ အဖွဲ့အစည်း အသီးသီးနှင့် ပူးပေါင်းကူညီဆောင်ရွက်ရခြင်းများ၊ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ခြင်းများကို တာဝန်တစ်ရပ်အနေဖြင့် လက်ခံကျင့်သုံး၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆက်လက် ပါဝင်ကူညီဆောင်ရွက်ပေးသွားကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

ဎင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်များကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထပ်မံဆုံးရှုံးမှုများ လျော့ပါးသက်သာစေရေး၊ ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်အသုံးပြုနိုင်ရန် ဆန်းစစ်ရေး၊ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့် အများပြည်သူနှင့်သက်ဆိုင်သော အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၏ ပျက်စီးမှုအခြေအနေများကို ဆန်းစစ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများအား နည်းပညာအကူအညီများ ပံ့ပိုးကူညီနိုင်ရေး၊ ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နည်းပညာအားဖြင့် ကူညီဆောင်ရွက်နိုင်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အသင်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ ကူညီဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ပူးပေါင်း၍ နည်းပညာဆိုင်ရာအကူအညီများပေးသွားမည့် အစီအမံများနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။




ဆက်လက်၍ မြန်မာနိုင်ငံငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီငြိမ်းက မြန်မာနိုင်ငံငလျင်ကော်မတီ စတင်ဖွဲ့စည်းခဲ့မှု၊ ငလျင်နှင့် ဘူမိဗေဒ၊ အင်ဂျင်နီယာသုတေသနလုပ်ငန်းများ၊ ငလျင်စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းများ၊ ငလျင်ဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးလုပ်ငန်းများနှင့် ငလျင်ကာလအလွန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဎင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်အသုံးပြုနိုင်စွမ်း စစ်ဆေးခြင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများတွင် ကာယအား၊ ဉာဏအားတို့ဖြင့် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီးနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မိုးရာသီအားကစားပြိုင်ပွဲ ကျင်းပ၍ ဆုများချီးမြှင့်

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အ·မ·က ဓိးတောကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း မိုးရာသီအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်တွင် ကျင်းပပြီးစီးခဲ့ သည်။

ပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင် ဦးဆောင်ဆောင်ရွက်မှုဖြင့် အသက်(၁၁)နှစ်အောက် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အ·မ·က ဘုတ်နှင့် အ·မ·က ဓိးတောကျောင်းသား၊ ကျောင်းသူများမှ အသင်းနှစ်သင်း ပါဝင်ကစားကြခဲ့ကြပြီးနောက် မြို့နယ်မှကာယဒုဦးစီး ဒေါ်အေးအေးဆွေနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မန္တလေးနေ့စဉ်)**



## ရမည်းသင်းမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာမှ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုများကို ဖြန့်ဖြူးရောင်းချ

**ရမည်းသင်း စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနက ရမည်းသင်းမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာမှ မိုးစပါးစိုက်တောင်သူများအတွက် ဓာတ်မြေဩဇာ သွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူထံမှ သိရသည်။

တောင်သူများ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရန်နှင့် ငွေကြေးအရင်းအနှီး ချက်ချင်းမပေးချေနိုင်သည့် တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် လိုအပ်သော ဓာတ်မြေဩဇာသွင်းအားစုများကို သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း၊ သွင်းအားစုများ သုံးစွဲနိုင်မှာသာ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်း ရရှိမှာဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိမှသာ တောင်သူများ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေမှာဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံက သိရသည်။ **(အပေါ်ယာပုံ)**



သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချရာတွင် မြို့နယ်ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကျေးလက်နေ တောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စက်တင်ဘာ ၃ ရက်မှစ၍ သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများ လက်ဝယ်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

# နီပေါနိုင်ငံ ဝန်ကြီးချုပ်သစ်အဖြစ် တရားသူကြီးချုပ်ဟောင်း ဆူရှီလာကာကီအား ရွေးချယ်ခန့်အပ်



အစိုးရက ဆိုရှယ်မီဒီယာပလက်ဖောင်းအများအပြားကို ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ပြီးနောက် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ နှစ်ရက်အတွင်း လူငယ်များက ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒပြမှုများအတွင်း ၅၁ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

**ခတ္တမန္တူ စက်တင်ဘာ ၁၃**

နီပေါဝန်ကြီးချုပ်ဟောင်း ရှာမာအိုလီ ရာထူးမှ နုတ်ထွက်ပြီးနောက် အသက် ၇၃ နှစ်အရွယ် တရားသူကြီးချုပ်ဟောင်း ဆူရှီလာကာကီအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကြောင်း သမ္မတရုံးက ကြေညာခဲ့သည်။

အဂတိလိုက်စားမှု ဆန့်ကျင်ရေးကို အလေးပေးဆောင်ရွက်မှုကြောင့် ပြည်သူများ၏ လေးစားမှုကို ရရှိထားသော တရားသူကြီးချုပ်ဟောင်း ဆူရှီလာကာကီက နီပေါနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာသည်။

နီပေါဝန်ကြီးချုပ်ဟောင်း ရှာမာအိုလီ ရာထူးမှ နုတ်ထွက်ပြီးနောက် စက်တင်ဘာ ၁၁ ရက်တွင် အစိုးရသစ်ခန့်အပ်ရန် အာဏာပိုင်များနှင့် လူငယ်ခေါင်းဆောင်များအကြား ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် တရားသူကြီးချုပ်အဖြစ် တာဝန်ထမ်းခဲ့သော ဆူရှီလာကာကီအား ၎င်း၏ အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေး ဆောင်ရွက်ချက်များကြောင့် လူငယ်များအကြား ရေပန်းစားသည့်အတွက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

အသစ်ခန့်အပ်ထားသော ကြားဖြတ်အစိုးရသည် လာမည့်နှစ် မတ်လတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားပြီး လွှတ်တော်ကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

ဆူရှီလာကာကီကိုက အစိုးရသစ်မတက်မချင်း တိုင်းပြည်၏အချုပ်အခြာအာဏာကို စောင့်ရှောက်ရမည်ဖြစ်သည်။

နိုင်ငံရေးသမားများ၏ အကျင့်ပျက်ခြစားမှုကို အဆုံးသတ်ရန်နှင့် နိုင်ငံ၏ ကြွယ်ဝမှုကွာဟခြင်းပြဿနာကို ဖြေရှင်းသည့် မူဝါဒများချမှတ်ရန် လူငယ်ဆန္ဒပြသူများက တောင်းဆိုခဲ့ကြောင်း သိရသည်။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂျပန်နိုင်ငံရှိ အသက် (၁၀၀) နှင့်အထက် သက်ကြီးရွယ်အိုဦးရေ (၁) သိန်းခန့်အထိ စံချိန်တင်မြင့်တက်လာ



**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံတွင် အသက် ၁၀၀ နှင့်အထက်ရှိသူဦးရေ တစ်သိန်းခန့်အထိ စံချိန်တင်မြင့်တက်လာကြောင်း ၎င်း၏ အစိုးရက ကြေညာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၅၅ နှစ်အတွင်း စံချိန်သစ်တင်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလအထိ ဂျပန်နိုင်ငံတွင် အသက် (၁၀၀) ပြည့်သူဦးရေမှာ (၉၉၇၆၃) ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုရာ ထိုအရေအတွက်၏ ၈၈ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။

ဂျပန်သည် ကမ္ဘာပေါ်တွင် အသက်ရှည်ဆုံး နိုင်ငံဖြစ်ပြီး ကမ္ဘာ့အသက်အကြီးဆုံးသူများ နေထိုင်ရာ ဒေသအဖြစ် မကြာခဏ သိရှိရသော်လည်း အချို့လေ့လာမှုများက ကမ္ဘာတစ်ဝန်းရှိ အသက် ၁၀၀ ပြည့်သူဦးရေအပေါ် အငြင်းပွားလျက်ရှိသည်။

၎င်းသည် အလျင်မြန်ဆုံး သက်ကြီးရွယ်အို လူ့အဖွဲ့အစည်းများထဲမှ တစ်ခုလည်းဖြစ်သည်။ ထိုနိုင်ငံသားများသည် ကျန်းမာသော အစားအသောက်ကို စားသုံးလေ့ရှိကြသော်လည်း မွေးဖွားနှုန်းနည်းပါးသည်။

ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးသူမှာ အသက် ၁၁၄ နှစ်အရွယ် အမျိုးသမီးရှိဂဲကောကာဂါဝဖြစ်ပြီး အသက်အကြီးဆုံး အမျိုးသားမှာ အသက် ၁၁၁ နှစ်အရွယ်ကိယောတာကမိဇုနောဖြစ်ကြောင်း သိရသည်။

Mon

## ရေဘေးသင့် ပါကစ္စတန်ပြည်သူများအား စင်ကာပူကြက်ခြေနီအသင်းက ဒေါ်လာ ၅၀၀၀၀ ထောက်ပံ့လှူဒါန်း



**စင်ကာပူ စက်တင်ဘာ ၁၃**

ပါကစ္စတန်နိုင်ငံမှ ရေဘေးသင့်ပြည်သူများအတွက် စင်ကာပူကြက်ခြေနီအသင်း၏ အများပြည်သူရန်ပုံငွေရှာဖွေမှုများကို ကူညီထောက်ပံ့ရန်အတွက် ဒေါ်လာ (၅၀၀၀၀)ကို ကနဦးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ယခင်အပတ်က စတင်ခဲ့သည့် ရန်ပုံငွေရှာဖွေရေး လှုံ့ဆော်မှုဖြင့် ဩဂုတ်လလယ်ပိုင်းက ဖြစ်ပွားသော မိုးရေကြီးမှုကြောင့် ထိခိုက်နစ်နာခဲ့သော ပါကစ္စတန်ပြည်သူများအတွက် ထောက်ပံ့ကူညီခဲ့သည်။

စင်ကာပူအစိုးရ၏ ထည့်ဝင်ငွေသည် ထိခိုက်နစ်နာခဲ့သော ပါကစ္စတန်ပြည်သူလူထု၏ အရေးပေါ်လိုအပ်ချက်များကို ထောက်ပံ့ရန်အတွက် စင်ကာပူဒေါ်လာ (၅၀၀၀၀) ကတိကဝတ်ကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၂ ရက်တွင်ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဇွန်လနှောင်းပိုင်းကတည်းက ပါကစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် လူပေါင်း ၉၀၀ ကျော်သေဆုံးခဲ့ပြီး လူပေါင်းသိန်းပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀-၀

# STOP AIDS

## တရုတ်နိုင်ငံမှ ရောက်ရှိလာသည့် ပန်ဒါဝက်ဝံမလေးအတွက် ၄ နှစ်မြောက်မွေးနေ့ပွဲ ကျင်းပ

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်ပြည်ထောင်စုရှိ စမစ်ဆိုနီယန် အမျိုးသားတိရစ္ဆာန်ဥယျာဉ်တွင် စက်တင်ဘာ ၁၂ ရက်က ပရိသတ်များ စည်ကားသိုက်မြိုက်စွာဖြင့် ပန်ဒါဝက်ဝံမလေး ချင်းပေါင်၏ ၄ နှစ်မြောက်မွေးနေ့ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ယမန်နှစ် အောက်တိုဘာလက တရုတ်နိုင်ငံမှ ရောက်ရှိလာသည့် အဆိုပါပန်ဒါဝက်ဝံမလေးအတွက် ထိုတိရစ္ဆာန်ရုံတွင် ပထမဆုံးအကြိမ် မွေးနေ့ပွဲကို ကျင်းပခဲ့ရာ နိုင်ငံအသီးသီးမှ လာရောက်သူများကို ဆွဲဆောင်နိုင်ခဲ့သည်။

ချင်းပေါင်အတွက် ပျားရည်သုတ်ထားသော "လက်ဆောင်ဘူးများ" ကို အာလူး၊ မုန်လာဥနီများနှင့် ကစားစရာဘောလုံးများဖြင့် ဝန်ထမ်းများက ပြင်ဆင်ပေးခဲ့သည်။

ချင်းပေါင် ရောက်ရှိလာသောအခါ ပထမဦးစွာ မုန်လာဥနီကို စိတ်ဝင်စားနေခဲ့သော်လည်း ဘောလုံးနှင့် ကစားခဲ့ပြီးနောက် ကိတ်မုန့်က သူမ၏အာရုံကို ဖမ်းစားခဲ့သည်။

ကိတ်မုန့်ကို ပထမဆုံး ကိုက်လိုက်သောအခါ ပရိသတ်များက "ပျော်ရွှင်ဖွယ်မွေးနေ့" ဟု အားရစွာ အော်ဟစ်ခဲ့ကြောင်း သိရသည်။

Mon



## တိုင်လာရော်ဘင်ဆန်ဟု အမည်ရသည့် လူငယ်တစ်ဦး ချာလီကတ်အား လုပ်ကြံသတ်ဖြတ်မှုဖြင့် ဖမ်းဆီးရမိ

**ဝါရှင်တန် စက်တင်ဘာ ၁၃**

ယူတာပြည်နယ်မှ အသက် ၂၂ နှစ်အရွယ် တိုင်လာရော်ဘင်ဆန်ဟု အမည်ရသည့် လူငယ်တစ်ဦးကို ယခင်အပတ်က တက္ကသိုလ်ပွဲတစ်ခုတွင် စင်မြင့်ပေါ်၌ ပစ်သတ်ခံခဲ့ရသော လက်ယာစွန်းတက်ကြွလှုပ်ရှားသူ ချာလီကတ် လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း သိရသည်။

၎င်းကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖခင်က ရဲထံ အဖမ်းခံရန် သဘောတူညီမှုပေးခဲ့ပြီးနောက် ၃၃ နာရီကြာ အပူတပြင်း လိုက်လံရှာဖွေမှု ပြီးဆုံးခဲ့သည်။

၎င်းဖမ်းဆီးခံရမှုကို သမ္မတဒေါ်နယ်လ်ထရမ့်က ဦးစွာကြေညာခဲ့ပြီး တရားခံကို သေဒဏ်ချမှတ်စေရန် တိုက်တွန်းခဲ့သည်။

ကျောင်းသားများနှင့် ငြင်းခုံနေစဉ် ပစ်သတ်ခံခဲ့ရသော ချာလီကတ် လုပ်ကြံခံရမှုသည် အမေရိကန်ပြည်သူများကို တုန်လှုပ်စေခဲ့ပြီး နိုင်ငံ၏ ပြင်းထန်သော ပါတီစွဲနိုင်ငံရေးကွဲပြားမှုများကို ထင်ရှားစေခဲ့သည်။

၎င်း၏ဖခင်ထံ ဝန်ခံခဲ့ပြီး မိမိကိုယ်ကို သတ်သေမည်ဖြစ်ကာ ရဲထံ အဖမ်းခံမည်မဟုတ်ဟု တရားခံက ပြောကြားခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် စုံစမ်းစစ်ဆေးရေးမှူးများက တင်ပြသည်။

ထို့နောက် ဖခင်က မိသားစုမိတ်ဆွေဖြစ်သူ လူငယ်သင်းအုပ်ဆရာတစ်ဦးကို ဆက်သွယ်ခဲ့သည်။ ထိုသူနှစ်ဦးစလုံးက တရားခံကို စိတ်တည်ငြိမ်အောင် ကြိုးစားခဲ့ကြကာ တရားရုံးလုံခြုံရေးအရာရှိအဖြစ်လည်း တာဝန်ထမ်းဆောင်နေသော အဆိုပါ သင်းအုပ်ဆရာက နောက်ပိုင်းတွင် သက်ဆိုင်ရာကို ဆက်သွယ်ပြီး ညပိုင်းတွင် တရားခံကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ Mon



## နတ်မောက်မြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲပြုလုပ်



**နတ်မောက် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဥမ္မာခင်(ဦးစီးအရာရှိ)က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအချက်များကို သိရှိနားလည်စေရန်၊ လိုက်နာရမည့်အချက်များ၊ ရှောင်ရှားရမည့်အချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးငြိမ်းချမ်းထွန်းက လူကုန်ကူးခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်မှုနှင့် လူသားချင်းဆိုင်ရာ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု သတ်မှတ်ကြကြောင်း၊ လူကုန်ကူးမှုဆိုတဲ့ အဓိပ္ပာယ်ကို အကြမ်းဖျင်းအားဖြင့် မိမိအကျိုးစီးပွားတစ်ခုအတွက် လူသားများ၏ ကိုယ်ကာယလုပ်အားကို လူသားအချင်းချင်းခေါင်းပုံဖြတ် အမြတ်ထုတ်ရယူခြင်းနှင့် လူကုန်ကူးခံရသော အလုပ်သမားများအား အတင်းအကျပ်ထိန်းချုပ်ကာ လုပ်အားခမပေးဘဲ အနည်းငယ်မျှသာပေး၍ အလုပ်ခိုင်းစေခြင်းစသည့် အကြောင်းအရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရမည့်အချက်များ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်ဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား ကျင်းပရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ဥပဒေအရာရှိ၊ ဆရာ၊ ဆရာမများက ဆုများ အသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၆၅)



## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၈ နာရီက ရုံးရပ်ကွက် ရွှေသက်လွတ်စေတီတော်ရင်ပြင်နှင့် သာသနာ့ဗိမာန်တော်အတွင်း စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် သရက်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးတင်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၅၁ ဦးနှင့် မိသားစုဝင်ရဲမေ ၂၄ ဦး၊ စုစုပေါင်း ၇၅ ဦးတို့ဖြင့် ရွှေသက်လွတ်စေတီတော်ရင်ပြင်နှင့် သာသနာ့ဗိမာန်အတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

စော်ထက်(သရက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မော်တော်ယာဉ်မှ ရှေ့ဘီးပေါက်၍ လမ်းလယ်ရှိ GUARD RAIL တန်းအား တိုက်မိခဲ့မှုကြောင့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ မော်တော်ယာဉ်မှ ရှေ့ဘီးပေါက်၍ လမ်းလယ်ရှိ GUARD RAIL တန်းအား တိုက်မိခဲ့မှုကြောင့် အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၂၀ မိုင် ၇ ဖာလုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ထန်းတပင်ရပ်ကွက်နေ ဦးကျော်လင်း(၅၃)နှစ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့မရပ်ကွက်(၁)နေသူများဖြစ်ကြသည့် ဦးအောင်ဝင်း(၈၅)နှစ်နှင့် မသီသီခိုင်(၂၂)နှစ်တို့ လိုက်ပါလာသော HONDA FIT SHUTTLE ခဲရောင်မော်တော်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်၍ လမ်းလယ်ရှိ GUARD RAIL တန်းအား တိုက်မိခဲ့သဖြင့် ဦးကျော်လင်း၊ ဦးအောင်ဝင်းနှင့် မသီသီခိုင်တို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



### ယာဉ်မောင်းသူများ လိုက်နာရန်

* မြို့တွင်းတစ်နာရီ ၄၈ ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
* အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
* ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
* (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။



## ဖဲရိုက်လောင်းကစားပြုလုပ်သူ အမျိုးသမီးလေးဦးအား ဖမ်းဆီးအရေးယူ

**မကွေး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ ဖဲရိုက်လောင်းကစားပြုလုပ်သူ အမျိုးသမီးလေးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဆားတိုင်ကံကျေးရွာနေ ဒေါ်ခင်သက်ဝေ(၄၄)နှစ်၏ နေအိမ်၌ ဖဲရိုက်လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ မကွေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ဒေါ်ခင်သက်ဝေပါ အမျိုးသမီးလေးဦးတို့အား ဖဲရိုက်လောင်းကစား ပြုလုပ်နေသည်ကို တွေ့ရှိရပြီး ၎င်းတို့ထံမှ ဖဲရိုက်လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခင်သက်ဝေ(ပါ-၄ဦး)အား မကွေးနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*

## တောင်ကြီးမြို့နယ် ညောင်ရွှေဟော်ကုန်းရပ်ကွက်၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**တောင်ကြီး စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်ရှိ ပိုင်ရှင် ဦးအောင်သန်းထွန်း၏ ၁၂ပေ ×၂၇ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ မြေစိုက်တစ်ထပ်နေအိမ်၌ Power Bank အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ တောင်ကြီးခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ကိုးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်အတွင်း သိုလှောင်ထားသော ကလေးဒိုက်ဘာများ၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးအောင်သန်းထွန်းအား တောင်ကြီးမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# Cover Club ဆိုင်၌ ဗုဒ္ဓဘာသာအား အကြည်ညိုပျက်စေရန် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"သီချင်းအား DJ တီးခတ်၍ သရုပ်ပျက်မူးယစ်ကခုန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၆ လမ်းနှင့် ၃၆ x ၅၃ လမ်းထောင့်ရှိ Cover Club ဆိုင်၌ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက် နံနက် ၁ နာရီမှ ၂ နာရီအထိ DJ Violet(ခ)ခင်ထွေးထွေးမွန် (၂၄)နှစ်နှင့် DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို(ခ)မင်းထိုက်နှင့် Dice(ခ)ဉာဏ်လင်းထက် တို့ဦးဆောင်၍ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" သီချင်းအား အရက်သေစာသောက်စားမူးယစ်၍ သရုပ်ပျက်အဝတ်အစားများ ဝတ်ဆင်ကာ DJ တီးခတ် ကခုန်ခဲ့မှုကြောင့် ဗုဒ္ဓဘာသာအား အကြည်ညိုပျက်စေရန် ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်နိုင်ရေး ရှာဖွေဖမ်းဆီးခဲ့ရာ DJတီးခတ်သူ DJ Violet(ခ)ခင်ထွေးထွေးမွန် (၂၄)နှစ်နှင့် DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို(ခ)မင်းထိုက်(၂၈) နှစ်တို့ကို စက်တင်ဘာ ၁၁ ရက်ည ၁၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် နေအိမ် ၌ လည်းကောင်း၊ ဆိုင်ပိုင်ရှင် သက်လွင်အောင် (ခ) မျိုးအောင် (၄၉)နှစ်၊ ဆိုင်မန်နေဂျာ ဇင်စုရ (၃၁)နှစ်တို့ကို ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၆ လမ်းနှင့် ၃၆ x ၅၃ လမ်းထောင့်ရှိ Cover Club ဆိုင်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါဖြစ်စဉ်မှာ DJ တီးခတ်သူ DJ Violet (ခ) ခင်ထွေးထွေးမွန်ထံမှ DJ တီးခတ်ရာတွင် အသုံးပြုသည့် Memory Stick ခြောက်ခု သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက Cover Club ဆိုင်အတွင်းမှ DJ စက်နှင့် ဆက်စပ်ပစ္စည်းများကို သက်သေများနှင့်အတူ သိမ်းဆည်းကာ Cover Club ဆိုင်အား ချိတ်ပိတ်ထိန်းသိမ်းခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဗုဒ္ဓဘာသာအား အကြည်ညိုပျက်စေရန် ပြုလုပ်ခဲ့မှုကြောင့် ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပွားစေသည့် DJ Violet (ခ) ခင်ထွေးထွေးမွန်၊ DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို(ခ)မင်းထိုက်၊ Dice (ခ) ဉာဏ်လင်းထက်၊ ဆိုင်ပိုင်ရှင် သက်လွင်အောင်(ခ)မျိုးအောင်၊ ဆိုင်မန်နေဂျာ ဇင်စုရ တို့အား မဟာအောင်မြေမြို့နယ် အမှတ်(၉)မြို့မရဲစခန်း (ပ)၂၁၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



Cover Club ဆိုင် ချိတ်ပိတ်ထားမှု မှတ်တမ်းဓာတ်ပုံ။


DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို(ခ)မင်းထိုက်နှင့် DJ Violet (ခ)ခင်ထွေးထွေးမွန်။


သက်လွင်အောင်(ခ)မျိုးအောင်
Cover Club ဆိုင်ပိုင်ရှင်


ဇင်စုရ(ခ)မစိုး
Cover Club ဆိုင် မန်နေဂျာ

## ပုဂံပလတ်စတစ်ကမ်ပိန်း အဖွဲ့သားများ စုပေါင်း ပလတ်စတစ်ကောက်ခြင်းများ ဆောင်ရွက်

ညောင်ဦး စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း စနေနေ့တိုင်းစုပေါင်း ပလတ်စတစ်အမှိုက်ကောက်ခြင်းကို ယနေ့နံနက် ၆ နာရီခွဲက စတင်ကောက်ယူခဲ့သည်။

Baganplastic Campaign အဖွဲ့သားများ ဦးဆောင်သော ပလတ်စတစ်ကမ်ပိန်းအဖွဲ့သားများသည် ရွှေစည်းခုံဘုရားကြီး ကားရပ်နားဝင်းပတ်ပတ်လည်မှ စတင်ကာ ထောင်ဘက်ဆောင်းတန်းတစ်လျှောက်နှင့်ပုဂံမြို့ဟောင်း သွားရာလမ်းဘေးတစ်လျှောက်မှ ဝက်ကြီးအင်းချောင်းအထိ Baganplastic Campaign အဖွဲ့သားနှင့်အတူ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ Balloon အဖွဲ့သားများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းအဖွဲ့ အသင်းသားများ၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်းသူ အသင်းသားများပါဝင်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပလတ်စတစ်ကင်းစင်ရေးစုပေါင်း ပလတ်စတစ်အမှိုက်များ ကောက်ယူကာစနစ်တကျကောက်ယူခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄စ၁)





## သမဝါယမကောလိပ်(မန္တလေး)၂၀၂၄-၂၀၂၅ ပညာသင်နှစ် အာစရိယပူဇော်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၁၃

သမဝါယမကောလိပ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ အာရိယပူဇော်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကောလိပ်ရှိ ရန်ကင်းခန်းမ၌ ကျင်းပရာ သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မြင့်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ကန်တော့ခံ ကျောင်းအုပ်ကြီးနှင့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက "မြတ်ဆရာ" တေးသီချင်းဖြင့် ဂုဏ်ပြုပူဇော်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြကာ ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက ဆုံးမဩဝါဒစကားပြောကြားခဲ့သည်။ ဆက်လက်၍ အဆိုပါကောလိပ်တွင် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဆင်းနှုတ်ဆက်ပွဲ အခမ်းအနားကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၉၅)

## ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့၏ မြေပေါ်ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိ

ကလေးဝ စက်တင်ဘာ ၁၃

ကလေးဝမြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်ဦးစီး အရာရှိ ဦးရာဇာဝင်း ဦးဆောင်သောအဖွဲ့က ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့၏ မြေပေါ်ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိသည်။

ချင်းတွင်းမြစ်နှင့်မြစ်သာမြစ်တို့၏ မြေပေါ်ရေအရည်အသွေးကို စက်တင်ဘာ ၁၀ ရက်က တိုင်းတာစစ်ဆေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ချင်းတွင်းမြစ်နှင့်မြစ်သာမြစ်တို့၏ မြေပေါ်ရေအရည်အသွေးတိုင်းတာစစ်ဆေးရာတွင် Quality Parameter ၁၀ မျိုးဖြင့် တိုင်းတာစစ်ဆေးပြီး နိုင်ငံတကာစံသတ်မှတ်ချက် ၃ မျိုးဖြစ်သော National Surface Water Quality Standards in Myanmar , Vietnam Surface Water Quality Standards , National Drinking Surface Water Quality Standards (NDWQS)တို့နှင့်ကိုက်ညီမှုရှိ၊ မရှိ တိုင်းတာစစ်ဆေးခဲ့ကြောင်း သိရသည်။

(၃၉၄)

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ကယ်ဂလီယာရီ | ၂ - ၀ | ပါးမား | |
| ဂျူဗင်တပ် | ၄ - ၃ | အင်တာမီလန် | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဂီတာဖေး | ၂ - ၀ | အိုဗီအေဒို |
| ဆိုစီဒက် | ၁ - ၂ | ရီးရဲလ်မက်ဒရစ် |
| ဘီလ်ဘာအို | ၀ - ၁ | အလာဗက်စ် |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၅ - ၀ | ဟမ်းဘတ် |
| ဟိုင်ဒင်ဟိမ်း | ၀ - ၂ | ဒေါ့မွန် |

# နိုင်ငံတကာ အားကစား သတင်းများ

## ရိကိုလီဝစ် မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ စက်တင်ဘာ ၁၃**

မန်စီးတီးအသင်းသည် အသင်းကွင်းလယ်ကစားသမား ရိကိုလီဝစ်အား ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက် ၂၀ အရွယ်ရှိ ရိကိုလီဝစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပုံမှန် ပွဲထွက်ခွင့်ရရှိအောင် ကြိုးစားပြီး အောင်မြင်မှုများစွာ ရယူသွားလိုပါတယ်။ ပြီးတော့ ဒီအသင်းမှာ နှစ်ကာလရှည်ကြာစွာ ကစားသွားလိုပါတယ်"ဟု ပြောသည်။ (ဝဲပုံ) (NGB)

## 2025 SP Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Francesca Jones တက်ရောက်

**လန်ဒန် စက်တင်ဘာ ၁၃**

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 SP Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂရိတ်ဗြိတိန်တင်းနစ်မယ် Francesca Jones တက်ရောက်ခဲ့သည်။



အဆိုပါ ဂရိတ်ဗြိတိန် တင်းနစ်မယ် Francesca Jones သည် 2025 SP Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနား တင်းနစ်မယ် Solana Sierra အား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

2025 SP Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်မယ် Francesca Jones နှင့် အင်ဒိုနီးရှားတင်းနစ်မယ် Janice Tjen တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (NGB)

## လာပေါ့တ် ဘီလ်ဘာအိုအသင်းတွင် ကျောနံပါတ် (၁၄)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မက်ဒရစ် စက်တင်ဘာ ၁၃**

နောက်ခံကစားသမားသစ် လာပေါ့တ် ဘီလ်ဘာအိုအသင်းတွင် ကျောနံပါတ် (၁၄)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အယ်လ်နာဆာအသင်းမှ ဘီလ်ဘာအိုအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား လာပေါ့တ်သည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ပွဲကစားပြီး ကိုးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘီလ်ဘာအိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမား လာပေါ့တ်အနေဖြင့် ဘီလ်ဘာအိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။(အောက်ပုံ) (NGB)



### ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်း တိုက်စစ်မှူး ဒီလပ်စ် တံကောက်ကြောဒဏ်ရာကြောင့် သုံးလခန့်ထိ အနားယူရဖွယ်ရှိသည်။

* ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အား အက်သလက်တီကိုမက်ဒရစ်အသင်း၏ အိမ်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ (NGB)

## အိုလာအေနာ တံကောက်ကြောဒဏ်ရာကြောင့် သုံးလခန့်အနားယူရမည်

**လန်ဒန် စက်တင်ဘာ ၁၃**

နိုင်ဂျီးရီးယားလက်ရွေးစင်အသင်းနှင့် နော့တင်ဟမ်ဖောရက်စ်အသင်း နောက်ခံကစားသမား အိုလာအေနာ တံကောက်ကြောဒဏ်ရာကြောင့် သုံးလခန့် အနားယူသွားရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် နိုင်ငံအသင်းဖြစ်သည့် နိုင်ဂျီးရီးယားလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

နောက်ခံကစားသမား အိုလာအေနာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် နော့တင်ဟမ်ဖောရက်စ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အသက် ၂၈ နှစ်အရွယ်ရှိ အိုလာအေနာသည် နော့တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၂ပွဲ ကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ည ၈း၀၀ နာရီ | (၅)စိန့်ပေါ်လီ - အော့စ်ဘတ်(၇)<br>(D,W) (W,L) | စိန့်ပေါ်လီ ၁-၁ အော့စ်ဘတ်<br>အော့စ်ဘတ် ၃-၁ စိန့်ပေါ်လီ |
| ။ | ည ၁၀း၀၀ နာရီ | (၁၄)ဖလာဘတ် - ဝါဒါဘရီမင်(၁၆)<br>(D,L) (L,D) | ဖလာဘတ် ၄-၁ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၂-၄ ဖလာဘတ် |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ညနေ ၅း၀၀ နာရီ | (၄)ရိုးမား - တိုရီနို(၁၉)<br>(W,W) (L,D) | ရိုးမား ၁-၀ တိုရီနို<br>တိုရီနို ၀-၂ ရိုးမား |
| ။ | ည ၇း၃၀ နာရီ | (၁၁)အတ္တလန္တာ - လက်ချီ(၁၇)<br>(D,D) (D,L) | အတ္တလန္တာ ၁-၁ လက်ချီ<br>လက်ချီ ၀-၄ အတ္တလန္တာ |
| ။ | ။ | (၁၃)ပီဆာ - ဒူဒီးနီးစ်(၅)<br>(D,L) (D,W) | - |
| ။ | ည ၁၀း၃၀ နာရီ | (၂၀)ဆက်ဆူအိုလို - လာဇီယို(၇)<br>(L,L) (L,W) | ဆက်ဆူအိုလို ၀-၂ လာဇီယို<br>လာဇီယို ၁-၁ ဆက်ဆူအိုလို |
| ၁၅-၉-၂၀၂၅<br>တနင်္လာနေ့ | နံနက် ၀၁း၁၅ နာရီ | (၈)အေစီမီလန် - ဘိုလော့ညာ(၁၀)<br>(L,W) (L,W) | အေစီမီလန် ၃-၁ ဘိုလော့ညာ<br>ဘိုလော့ညာ ၂-၁ အေစီမီလန် |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ညနေ ၃း၃၀နာရီ | (၄) ရှမ်း - ရခိုင်(၁၂)<br>(-,W) (L,L) | ရှမ်း ၃-၀ ရခိုင်<br>ရခိုင် ၁-၄ ရှမ်း |
| ။ | ညနေ ၄း၀၀ နာရီ | (၁) ဒဂုံ - ရောဝတီ(၈)<br>(W,W) (W,L) | ဒဂုံ ၂-၁ ရောဝတီ<br>ရောဝတီ ၀-၁ ဒဂုံ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ည ၇း၃၀ နာရီ | (၃)လိုင်လီ - တူးလော့(၇)<br>(D,W,W) (W,W,L) | လိုင်လီ ၂-၁ တူးလော့<br>တူးလော့ ၁-၂ လိုင်လီ |
| ။ | ည ၉း၄၅ နာရီ | (၁၇)ဘရက် - ပါရီ(၁၆)<br>(D,L,L) (L,L,W) | ဘရက် ၁-၁ ပါရီ<br>ပါရီ ၀-၁ ဘရက် |
| ။ | ။ | (၁၈)မက်ဇ် - အန်ဂါစ်(၈)<br>(L,L,L) (W,L,D) | မက်ဇ် ၁-၀ အန်ဂါစ်<br>အန်ဂါစ် ၃-၂ မက်ဇ် |
| ။ | ။ | (၁)PSG - လန်းစ်(၅)<br>(W,W,W) (L,W,W) | PSG ၁-၀ လန်းစ်<br>လန်းစ် ၁-၂ PSG |
| ။ | ။ | (၆)စထရာဘို့ - လီဟာဗာ(၁၁)<br>(W,W,L) (L,L,W) | စထရာဘို့ ၂-၃ လီဟာဗာ<br>လီဟာဗာ ၀-၃ စထရာဘို့ |
| ၁၅-၉-၂၀၂၅<br>တနင်္လာနေ့ | နံနက် ၀၁း၁၅ နာရီ | (၉)ရင်းနက်စ် - လိုင်ယွန်(၂)<br>(W,L,D) (W,W,W) | ရင်းနက်စ် ၃-၀ လိုင်ယွန်<br>လိုင်ယွန် ၄-၁ ရင်းနက်စ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ည ၇း၃၀ နာရီ | (၁၄)ဘန်လေ - လီဗာပူး(၁)<br>(L,W,L) (W,W,W) | ဘန်လေ ၀-၂ လီဗာပူး<br>လီဗာပူး ၃-၁ ဘန်လေ |
| ။ | ည ၁၀း၀၀ နာရီ | (၁၃)မန်စီးတီး - မန်ယူ(၉)<br>(W,L,L) (L,D,W) | မန်စီးတီး ၁-၂ မန်ယူ<br>မန်ယူ ၀-၀ မန်စီးတီး |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃၊၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ညနေ ၅း၃၀ နာရီ | (၁၃)ဆောက်သမ်တန် - ပို့စ်မောက်(၈)<br>(W,D,L,D) (W,L,D,W) | ဆောက်သမ်တန် ၂-၂ ပို့စ်မောက်<br>ပို့စ်မောက် ၁-၁ ဆောက်သမ်တန် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ညနေ ၀၆း၃၀နာရီ | (၁၄) ဆဲလ်တာဗီဂို - ဂျီရိုနာ(၂၀)<br>(L,D,D) (L,L,L) | ဆဲလ်တာဗီဂို ၁-၁ ဂျီရိုနာ<br>ဂျီရိုနာ ၂-၂ ဆဲလ်တာဗီဂို |
| ။ | ည ၈း၄၅ နာရီ | (၁၉) လီဗန်တေး - ဘက်တစ်(၈)<br>(L,L,L) (D,W,D) | လီဗန်တေး ၂-၄ ဘက်တစ်<br>ဘက်တစ် ၃-၁ လီဗန်တေး |
| ။ | ည ၁၁း၀၀ နာရီ | (၁၃)အိုဆာဆူနာ - ဗယ်လက်ကာနို(၁၀)<br>(L,W,L) (W,L,D) | အိုဆာဆူနာ ၁-၁ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၃-၁ အိုဆာဆူနာ |
| ၁၅-၉-၂၀၂၅<br>တနင်္လာနေ့ | နံနက် ၀၁း၃၀ နာရီ | (၄)ဘာစီလိုနာ - ဗလင်စီယာ(၉)<br>(W,W,D) (D,L,W) | ဘာစီလိုနာ ၇-၁ ဗလင်စီယာ<br>ဗလင်စီယာ ၁-၂ ဘာစီလိုနာ |

## မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပ



**မြို့သစ် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်က ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်းအဖွဲ့ဝင် ဆရာဦးတင်မောင်ဝင်းက ပန်းချီရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များနှင့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာ၊ ဆရာမများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဝင်းအိဖွန်(ပြန်/ဆက်)**



## မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် ရတနာကောသဘုရားရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၂၂၄ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝ၃၈

ဝ-ဝ-ဝ-ဝ



## ကျေးလက်ကုန်ထုတ် လမ်း၊ တံတားများ ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**လယ်ဝေး စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်တောကျေးရွာရှိ တောင်သူများ၏ လယ်ယာဧကများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသင်းဦး၊ လယ်ဝေးခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် အင်ဂျင်နီယာများက မှန်တောကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းအရှည် ၃မိုင်၊ ဝ ဒသမ ၃၆၃ ဖာလုံ၊ အကျယ် ၁၂ပေ၊ ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းပေါ်တွင် ရေကျော်တံတားတစ်စင်း၊ Slab Culvert တံတားနှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၈၁ ဒသမ ၃၇ သန်းဖြင့် ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**ချိုသန်းညွန့်(ကျေးလက်)**

## မြန်မာအီလက်ထရောနစ် မဲပေးစက်အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အကြောင်း အသိပညာပေးခြင်း နှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်းများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက လယ်ယားတောင်ကျေးရွာအုပ်စု၊ တောင်ခြေကျေးရွာ ပညာ့ဗိမာန်စာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို လက်တွေ့စမ်းသပ် ဆောင်ရွက်ကြပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိက Printer မှ ထွက်ရှိလာသည့် မဲစာရင်းဖြင့် ဆန္ဒပြုသူအရေအတွက် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များကို စိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများကို ရှင်းလင်းပြသခဲ့သည်။

အဆိုပါ အသိပညာပေးနှင့် စမ်းသပ်မဲပေးပွဲသို့ ညောင်ဦးခရိုင်ကော်မရှင်အဖွဲ့ဝင် ဦးနိုင်ဦး၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်ခြေကျေးရွာမှ မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၃၈၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၆)



## စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရွာင် စက်တင်ဘာ ၁၃**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က ကလေးများ စာဖတ်နိုင်သည့် စွမ်းရည် မှတ်နိုင်သည့်စွမ်းရည်ကို စစ်ဆေးခြင်း၊ မိမိတို့ဖတ်မိသမျှ၊ မှတ်သားမိသမျှကို ပြန်လည်မျှဝေတတ်စေရန်နှင့် စာပေ၏တန်ဖိုးကို နားလည်၍ စာဖတ်လိုစိတ်များ တိုးပွားလာစေရန်စသည့် ရည်ရွယ်ချက်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်၍ သုတ၊ ရသစာအုပ်များကို ငှားရမ်းဖတ်ရှုနေသည့် ကျောင်းသူလေးများက မိမိတို့ဖတ်ရှုထားသည့် စာအုပ်များမှ အသိပညာဗဟုသုတများ ရရှိသည့်အကြောင်းအရာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမှတ်တရလက်ဆောင်များကို ပြန်လည်ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

(၃၃၈)


### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀(၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။



## တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုချီးမြှင့်

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးလေးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ဇသီဒါခန်းမတွင် ကျင်းပရာ အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားမိဘများ၊ ဂုဏ်ထူးဆုရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို အ.ထ.က (၈)ကျောင်းမှ ကျောင်းသူများက "ကမ္ဘာ့အဆင့်မီ ပညာရေး" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူးဆုရကျောင်းသား၊ ကျောင်းသူ ၄၄ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဆုလက်မှတ်များ ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက "မင်္ဂလာပါ" သီချင်းနှင့် "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ဆုရကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့များမှ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ဆုငွေများ ချီးမြှင့်ပေးကြပြီး ဆုရရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

(၀၉၃)

## ကမ္ဘာ့အိုဇုန်းလွှာနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စက်တင်ဘာ ၁၂ရက် နံနက် ၁၀ နာရီက ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို "အိုဇုန်းလွှာ ကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး" ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၃၀ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၂၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာ ၁၆ရက်တွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ ကျင်းပမည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



## မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ အသင်းခွဲ(မန္တလေး)နှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**မန္တလေး စက်တင်ဘာ ၁၃**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ အသင်းခွဲ(မန္တလေး)နှင့် တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး)တို့ အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ကမ်းနားလမ်းရှိ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ အသင်းခွဲ(မန္တလေး)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) အသင်းခွဲ(မန္တလေး)အသင်းခွဲဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များ၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး) တာဝန်ခံ Mr.Li Qigui နှင့် တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) အသင်းခွဲဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး)တာဝန်ခံ Mr.Li Qiguiu က စီးပွားရေး၊ နည်းပညာ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)အသင်းခွဲ (မန္တလေး)ဥက္ကဋ္ဌနှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း(မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး)တို့က ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



## မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အောင်လံ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်၍ သိရှိနားလည်စေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ရွာမထုံးကျေးရွာအုပ်စု၊ ကျားသေကျေးရွာအုပ်စုနှင့် မောင်းမလှုပ်ကျေးရွာအုပ်စုတို့တွင် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကျော်ဝင်းက မဲဆန္ဒရှင် ပြည်သူများအား(MEVM)မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ပြည်သူများ သိရှိနားလည်စေရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ကျေးရွာအုပ်စုသုံးအုပ်စုမှ အင်အား ၂၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပင်လုံ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းနှင့် ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ ပင်လုံမြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်ပိုင်ဖြိုးက ယနေ့ခေတ်ကာလတွင် ဆက်သွယ်ရေးနည်းပညာ တိုးတက်လာမှုကို အခွင့်ကောင်းယူပြီး လိမ်လည်မှုဖြစ်စဉ်များ ကျူးလွန်လာနိုင်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ သတိပြုရှောင်ရှားနိုင်ရန်၊ လူမှုကွန်ရက်၌ လိမ်လည်မှုနည်းလမ်းများ၊ ကာကွယ်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းထွေးခမ်းက စာသင်ကျောင်းများတွင် အသိပညာပေးရခြင်း အကြောင်းအရင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုနှစ်ဖိုင်အား ပြသခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# အနုပညာ(ပန်းချီ)သင်ကြားပေးဖြစ်ခြင်း

ကျေးဇူးတရားကို
အနုပညာသမားထက်
ပိုပြီးနားလည်နိုင်တယ်ဆိုတဲ့
ပုဂ္ဂိုလ်မျိုးဟာ
လောကမှာ – – –
မြတ်စွာဘုရားနဲ့ ရဟန္တာများသာ
ဖြစ်ကြလိမ့်မယ် ထင်ပါတယ်။

ပေါ်ဦးသက်

လူ့ဘဝသက်တမ်းသည် တိုတိုကလေးသာ ဖြစ်သည်။ အလွန်ဆုံးနေရလျှင် အသက် ၈၀ ကျော်၊ ၉၀ ကျော် ၁၀၀အထိ ဖြစ်လေသည်။ ကျွန်တော်အသက်မသေခင် နေရခိုက် လူ့ဘဝမှာ ကိုယ်တတ်ထားသည့်ပညာဖြင့် လူ့လောကကြီးကို ကျေးဇူးဆပ်ချင်သည်။ အထူးသဖြင့် ကျောင်းသားလူငယ်လေးများကို ပန်းချီပညာ မျှဝေပေးချင်သည့်စိတ် အမြဲတမ်း ကိန်းအောင်းလို့နေပါသည်။

ယခု ကျွန်တော့်အသက် ၆၂ နှစ်ကျော်ခဲ့ပေပြီ။ ဇူလိုင် ၁၃ရက်တွင် ၆၂ နှစ်ပြည့်ခဲ့၍ သတင်းစာအယ်ဒီတာဘဝမှ အငြိမ်းစားယူခဲ့ပါသည်။ အငြိမ်းစားမယူခင် လေးလခန့်အလိုတွင် ဘဝရှင်သန်နေထိုင်ရပ်တည်နိုင်ဖို့ (ကြိုတင်ပြင်ဆင်ခွင့်)ကို မတ် ၁၃ရက်မှစ၍ ကြိုတင်ပြင်ဆင်ခံစားခွင့်တင်ခဲ့ပါသည်။

ကျွန်တော့်၏အတိတ်ကာလများကို ပြန်လည်သုံးသပ်ကြည့်သောအခါ ကျွန်တော် အသက် ၃၀ အရွယ် ၁၉၉၂ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မန္တလေးစက်မှုလက်မှုအထက်တန်းကျောင်း၊ မန္တလေးစက်မှုလက်မှုသိပ္ပံ၊ ကျိုင်းတုံနည်းပညာတက္ကသိုလ်တို့တွင် ကျောင်းဆရာဘဝဖြင့်လည်းကောင်း၊ ကျွန်တော်အသက် ၄၀ အရွယ် ၂၀၀၃ ခုနှစ်တွင် မန္တလေးနေ့စဉ်သတင်းစာတိုက်၌ သတင်းဆရာ(အယ်ဒီတာ)ဘဝဖြင့် လုပ်သက် ၂၂ နှစ်ကြာ နေထိုင်ဖြတ်သန်းခဲ့ရသည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အသက် ၆၂ နှစ်ပြည့်၍ ကျန်းမာရေးကောင်းမွန်ကာ အလုပ်ဆက်လက်လုပ်ကိုင်ဆောင်ရွက်ချင်သော်လည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဆက်လက်လုပ်ကိုင်ထမ်းဆောင်ခွင့်မပြုတော့ချေ။ ထို့ကြောင့် အငြိမ်းစားဘဝဖြင့် အနားယူရလေသည်။

ကျွန်တော်က ထိုဌာနတွင် အလုပ်တာဝန်မထမ်းဆောင်ရသော်လည်း ကိုယ်တတ်ကျွမ်းသည့်ပညာဖြင့် ဘဝနေထိုင်မှု Life Style ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အခြေခံပညာသင်ကြားရသော ကျောင်းများတွင် ယနေ့ခေတ်ပညာရေးစနစ်အရ မဖြစ်မနေသင်ကြားရသည့် ဘာသာရပ်တစ်ခု တွဲဖက်ပါဝင်လာပါသည်။ ယင်းမှာ ကျောင်းသား၊ ကျောင်းသူများ ရသခံစားမှုတန်ဖိုးထား နားလည်နိုင်စေရန်အတွက် အနုပညာ(ပန်းချီ)လေ့လာသင်ယူကြရခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်လည်း အငြိမ်းစားလေးလကြိုတင်ပြင်ဆင်ခံစားနေချိန်မှာ ကျွန်တော့်မိတ်ဆွေ ဆရာသမားများအား ကျောင်းများတွင် ပန်းချီဆရာလိုအပ်ပါက သင်ကြားပြသပေးနိုင်သည့်အကြောင်း အသိပေးထားခဲ့သည်။ ကျွန်တော်၏အသိပေးမှုကို အလေးအထားဆောင်ရွက်ပေးခဲ့သည့်ဆရာမှာ ဆရာကြီး ဦးစမ်းကြိုင်(ဆရာ အိမ်တင်အေး-ပုလဲ)ဖြစ်ပြီး ဆရာက 'လင်းလက်တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်း'တွင် ကျွန်တော့်အား ယုံကြည်စွာဖြင့် ပန်းချီဆရာအဖြစ် အလုပ်တာဝန်ပေးအပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤစာစုမှ




ဆရာအိမ်တင်အေး(ပုလဲ)နှင့် ကျောင်း Founder ဆရာဦးတင်ထွန်းအောင်၊ ဆရာမဒေါ်နုနုလွင်တို့အား ကျေးဇူးစကားဆို မော်ကွန်းထိုးအပ်ပါသည်။

ထို့အတူ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သော သတင်းစာတိုက်မှ ဌာနမှူးနှင့်တကွ အရာထမ်း၊ အမှုထမ်းများကလည်း စက်တင်ဘာ ၅ရက်တွင် ကျွန်တော်အပါအဝင် အငြိမ်းစားရကြသူများအား အမှတ်တရ နှုတ်ဆက်ဂုဏ်ပြုပွဲပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ရပါသည်။

စက်တင်ဘာ ၈ရက်မှစ၍ 'လင်းလက်တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း'တွင် ကျွန်တော် ပန်းချီဆရာဘဝဖြင့် ကျောင်းသား၊ကျောင်းသူလေးများအား ပန်းချီပညာလက်ဆင့်ကမ်း မျှဝေသင်ကြားပေးနေပါပြီ။

ကျောင်းသား၊ ကျောင်းသူများအား ပန်းချီသင်ကြားပြသရသောကြောင့် သူတို့အတွက် ပုံနှိပ်ထုတ်ဝေထားသော ကျောင်းသုံးစာအုပ် အနုပညာ(ပန်းချီ)ကို ကျွန်တော်လေ့လာကြည့်သောအခါ ရည်ရွယ်ချက်၊ ရည်မှန်းချက် အလွန်ကောင်းပါသည်။

ဆဋ္ဌမတန်းစာအုပ်တွင် အခန်း(၃)ခန်းပါပြီး အခန်း(၁)ပန်းချီအနုပညာနိဒါန်း၌ မျဉ်းကြောင်းများကို စနစ်မှန်ကန်စွာ ရေးဆွဲခြင်း၊ အခြေခံပုံသဏ္ဍာန်များကို လေ့လာရေးဆွဲခြင်း၊ အခြေခံပုံသဏ္ဍာန်များ ဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့်ရေးခြယ်ခြင်း၊ အခြေခံပုံသဏ္ဍာန်များဖြင့် ပုံကူးယူခြင်း၊ စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို ရေးခြယ်ခြင်း၊ ထုထည်များကို လေ့လာရေးဆွဲခြင်း၊ ထုထည်များ ဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့်ရေးခြယ်ခြင်း၊ ထုထည်များဖြင့် အဆောက်အအုံများ စုပေါင်းဖန်တီးခြင်း၊ သူငယ်ချင်းပုံရေးဆွဲခြင်း၊ ရှုမျှော်ခင်းရေးဆွဲခြင်း၊ သက်ငြိမ်ပန်းချီရေးဆွဲခြင်း၊ ပြပွဲပြုလုပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ ဖြစ်သည်။

သတ္တမတန်းစာအုပ်တွင် အခန်း(၄)ခန်းပါပြီး အခန်း(၁)ရေးဆွဲခြင်း၌ မျက်နှာပြင်များကို လေ့လာရေးဆွဲခြင်း၊ အရာဝတ္ထုများကို နှိုင်းယှဉ်လေ့လာရေးဆွဲခြင်း၊ မျက်နှာပြင် အနိမ့်အမြင့်ကို လေ့လာရေးဆွဲခြင်း၊မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများ ရေးဆွဲခြင်း၊ ဆတိုးခြင်းနှင့် စိတ်ပိုင်းခြင်း၊ နီးဝေးမြင်ပုံမှန်စနစ်ဖြင့် ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ဖြစ်သည်။




အခန်း(၂)ဆေးခြယ်ခြင်းတွင် တစ်ရောင်တည်းဖြင့် အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်း၊ မူလအရောင်တစ်ရောင်စီဖြင့် အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်း၊ မူလအရောင်တစ်ရောင်စီဖြင့် အရာဝတ္ထုပုံကို အသွေးအနုအရင့် ခွဲဆေးခြယ်ခြင်း၊ အရာဝတ္ထုများ ဖွဲ့စည်းရေးဆွဲပြီး အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ဖြစ်သည်။

တစ်ပတ်အတွင်း ကျောင်းသား၊ကျောင်းသူများအား ပန်းချီသင်ကြားပြသပေးရသည်မှာ အားရစရာကောင်းပါသည်။ ပျော်ရွှင်စိတ်ပါဝင်စားစွာ ပန်းချီရေးဆွဲနည်းပညာကို လေ့လာသင်ယူကြပါသည်။ ပန်းချီရေးဆွဲတတ်ခြင်းသည် ရသခံစားမှုတန်ဖိုးကိုသိမြင်ပြီး နှလုံးသားနူးညံ့ကာ ယဉ်ကျေးလိမ္မာလာမည်။ ယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားထိန်းသိမ်းလိုစိတ်ရရှိမည်။အနုပညာလက်ရာများကို ရှာဖွေလိုစိတ်ဖြစ်ပေါ်မည်။ အလှအပကို မြတ်နိုးလိုစိတ်များ ပိုမိုရှင်သန်လာစေပြီး သဘာဝတရားကို ဖျက်ဆီးလိုသောစိတ်ဓာတ်များ လျော့နည်းလာမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်လည်း ကျောင်းသား၊ ကျောင်းသူလေးများအား ပန်းချီသင်ကြားပေးရသောကြောင့် ကုသိုလ်လည်းရ ဝမ်းလည်းဝသဖြင့် အသက်ထက်ဆုံး ပန်းချီသင်ကြားပေးခြင်းဖြင့် ဘဝနေဝင်ချိန်ကို ရင်ဆိုင်ကျော်လွှားသွားမည်ဟု ဆုံးဖြတ်ထားပါသည်။

သွယ်အောင်



## အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(မိုးထိ)တွင် လူငယ်စကားဝိုင်း ကျင်းပ



**တောင်တွင်းကြီး စက်တင်ဘာ ၁၃**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(မိုးထိ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်နှင့် အ·ထ·က (၄)မှ ဆရာမ ဒေါ်မြင့်မြင့်ခိုင်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (Grade-11)မှ မပြည့်ပြည့်ဝန်းက လူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ မရွှန်းလက်ဖြိုးက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မပဟန်ချောစုက လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စွမ်းရည်ထက်က လူငယ်နှင့် နည်းပညာခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားအပြီးတွင်တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ပြီး အခမ်းအနားသို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ (Grade-10) မှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(ဗိုလ်သနိုးမြေ)**

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၃**

မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့မှ အထက်တန်းဆင့်နှင့် အလယ်တန်းဆင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် အဆိုပါ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်း



သား၊ ကျောင်းသူများအား စက်တင်ဘာ ၁၆ ရက်တွင် အ·ထ·က (၁)၌ အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၅၃)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

### ဝိပဿနာဉာဏ်အမြင်

* ယခုမှစ
မည်သည့်နေ့ရက်
မည်သည့်အချိန်
ဘယ်နေရာ
ဘယ်ဌာန
ဘယ်ရောဂါနှင့်
ကြုံတင်မသိ
သေရမည်ပင် ။

* အရွယ်သုံးပါး
မှတ်သားနေစဉ်
နေရာမရွေး
နှလုံးသွင်း ဆင်ခြင် ။

* မမြဲ အနိစ္စ
ဆင်းရဲလှ
ဒုက္ခအမှန်
အစိုးမရ အနတ္တ
ကြည့်ရှုဉာဏ်ယှဉ် ။

* သွားရင်းလာရင်း
စားသောက်ရင်း
ဝေဖန်သုံးသပ်
ပြုလုပ်ဆင်ခြင်
အဲ့ဒါ . . .
ဝိပဿနာဉာဏ်အမြင် ။ ။

**ကောင်းတေဿ(အမရပူရ)**

## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကာလိ စက်တင်ဘာ ၁၃**

ကျောင်းသားလူငယ်များ ကျောင်းစာအပြင် ပြင်ပအထွေထွေ ဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြသခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့အ·မ·က (မိုင်းယိုင်း)ကျောင်း၌ စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူအောင်က လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပြသထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုမှတ်သားခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



## မွေးနေ့အထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ (ဓဲပုံ)

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(မွှာစရိယ၊ B.A) နှင့် ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်ထံမှ ရေစက်ချတရား နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင်ဦးစိုးမင်းလတ်+ဒေါ်ခင်ချိုသက်၊ (သား)မောင်ပြည့်သျှမ်၊ (သမီး)မလပြည့်ဝန်း မိသားစုက မောင်ပြည့်သျှမ်၏ (၂၁)နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၅သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၁၆သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သိရသည်။ **PNT**

## ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းသစ်ခင်းရန်အတွက် အလှူငွေ လှူဒါန်း

**ကံမ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ အခြေခံပညာ အထက်တန်းကျောင်း (ကံမ) ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းသစ်ခင်းခြင်း ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၁ နာရီက ကံမမြို့နယ်အသင်း (ရန်ကုန်)မှ နာယကဆရာတော် ဘဒ္ဒန္တ ဂဏုတ္တမနှင့် အသင်းဝင်တစ်ဦးတို့က ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသော ငွေကျပ်သိန်း ၁၂၀ ကို ကျောင်းအကျိုးဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကျောင်းအဝင်လမ်းမှာ မိုးရေတိုက်စားမှုကြောင့် ယိုယွင်းပျက်စီးနေပြီး ကျောင်းသား၊ ကျောင်းသူများ သွားလာရေး အဆင်မပြေသဖြင့် ကျောင်းအကျိုးဆောင်အဖွဲ့နှင့် မိဘဆရာအသင်းတို့ ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီး ကွန်ကရစ်လမ်းသစ်ခင်းခြင်းလုပ်ငန်းကို စတင်ခဲ့ကြောင်း ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းသစ်ခင်းရာတွင် လမ်းအကျယ် ၂၄ ပေ၊ လမ်းအရှည် ပေ ၂၅၀၊ ထုရှစ်လက်မနှင့် မုခ်ဦးတံခါးပေါက် သံပန်းတံခါးအသစ်တပ်ဆင်ခြင်း၊ ရေမြောင်းများပြုပြင်ခြင်းလုပ်ငန်းများ ပါဝင်ပြီး စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကုန်ကျမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းများအား ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသားဟောင်းများ၊ မြို့မိ၊ မြို့ဖများ၊ စေတနာရှင်အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ကျောင်းအကျိုးဆောင်တစ်ဦးထံမှ သိရသည်။

**ဇော်ထက်(သရက်)**





## စန္ဒာမုနိဘုရားနှင့် ကုသိုလ်တော်ဘုရားတို့ရှိ ဓမ္မစေတီများ ပြုပြင်ရန် ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ် စန္ဒာမုနိဘုရားနှင့်ကုသိုလ်တော်ဘုရားများရှိ ဓမ္မစေတီများ ပြုပြင်ရန်အတွက် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက မန္တလေးနန်းရှေ့နေ (အဒေါ်) ဒေါ်ထွန်းကြည်၊ (ဖခင်)ဦးထွန်းအေး၊ (မိခင်)ဒေါ်အုန်းတို့အား ရည်စူးပြီး ဦးအောင်ဆန်းသိန်း+ဒေါ်ခင်သန်းလှတို့ကို အမှူးထား၍ ဦးအောင်မိုး+ဒေါ်နွယ်နီလှ၊(သား)ဖြိုးဥက္ကာမိုး၊ (သမီး)ဖူးမြတ်နီနီမိုး မိသားစုတို့က စန္ဒာမုနိဘုရားအတွက် အလှူငွေကျပ် သိန်း ၅၀၊ ကုသိုလ်တော်ဘုရားအတွက် အလှူငွေကျပ် သိန်း ၅၀၊ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းရာ ကုသိုလ်တော်ဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့်အဖွဲ့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

မီးမရှို့ ၊ မြေမမြှုပ်
စက္ကူတွေကို ဒါနလုပ် ။

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂လမ်းနှင့် ၁၂၃ လမ်းထောင့် SHADAW CAFE ခန်းမတွင် ကျင်းပရာ ရွှေဒိုး လက်ဖက်ရည်ဆိုင်များပိုင်ရှင် ဦးအောင်အောင် + ဒေါ်ခင်မျိုးမြတ်မိသားစုက ငွေကျပ်ငါးသိန်း လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်မိသားစုသည် မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန အာစရိယပူဇော်ပွဲအတွက် ငွေကျပ် ငါးသိန်း လှူဒါန်းရာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ လက်ခံရယူခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် မေ ၂၃ ရက်မှစ၍ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်အထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၄၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ငွေကျပ် ၅၉၈ သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၃၂၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၄၅)**



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး–ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၅လမ်းနေ ကွယ်လွန်သူ ဒေါ်ရီရီအား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဆေးပစ္စည်း ၁၈ မျိုး၊ လူနာခုတင်တစ်လုံး၊ Oxygen Concentrator တစ်ခုတို့အား ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ သူနာပြုအုပ် မာမီဒေါ်ခင်ဌွေးပိုတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။**

(ကဆ)

## လျှင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**တံတားဦး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် တာဝန်ရှိသူများသည် တံတားဦးမြို့နယ်၊ ဟံသာဝတီကျေးရွာအုပ်စု ကောလင်းဘုန်းတော်ကြီးကျောင်း၌ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဟံသာဝတီကျေးရွာအုပ်စု ကောလင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပညိန္ဒနှင့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တံတားဦးမြို့နယ်ရှိ ငလျင်ဘေးသင့် သက်ကြီးရွယ်အို ၃၈ ဦးအား ထောက်ပံ့ပစ္စည်းများကို လှူဒါန်းကာ ငလျင်ဘေးသင့်ပြည်သူ ၁၆၅ဦးနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားခဲ့သည် ။

အဆိုပါ ငလျင်ဘေးသင့်ပြည်သူတစ်ဦးလျှင် အခင်းစောင်တစ်ထည်၊ ခြုံစောင်တစ်ထည်၊ ဆပ်ပြာမှုန့်၊ အမျိုးသမီး လစဉ်သုံးပစ္စည်း၊ ဆန်ခြောက်ပြည်၊ ဆီ ၄၀ ကျပ်သား၊ ခေါက်ဆွဲခြောက်ထုပ်တစ်ဖာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆိုလာမီးအိမ်၊ စုစုပေါင်းပစ္စည်း ၁၀ မျိုးအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၄၀၉)**

## (၆၉)ကြိမ်မြောက် သွေးလှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် ဦးနန္ဒ(နန္ဒလောကမင်း)သည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိပြီး သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးဘဏ်တွင် ဇီဝိတဒါနအဖြစ် (၆၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ယာပုံ) (ဝ၄၁)**

# ဦးဘသိန်း(မန္တလေး)နှင့် သူ၏ထင်ရှားသော အနုပညာသည်များ

ဆရာ ဦးဘသိန်း(မန္တလေး)ဆိုရင် မန္တလေးသူ၊ မန္တလေးသားတွေက သိကြပါတယ်။ မြို့မတီးဝိုင်းကြီးရဲ့ ဂီတမှူးတစ်ဦးဖြစ်ခဲ့သလို တစ်ချိန်က 'မန္တလေးရုပ်ရှင်'ရဲ့ ဇာတ်ဝင်တေးသီချင်းပေါင်းမြောက်များစွာကို ရေးသားပြုစုပေးခဲ့တဲ့ ဂီတအနုပညာရှင်တစ်ဦးပါ…။

ဆရာကြီး ဦးဘသိန်းက တစ်ချိန်က 'မန္တလေးရုပ်ရှင်' ကုမ္ပဏီမှ ရိုက်ကူးတဲ့ 'ဤလူ့ဘောင်တွင်' ဇာတ်ကားကြီးမှာ မင်းသမီး (ဒေါ်) မြင့်မြင့်ခင် သီဆိုခဲ့တဲ့ 'ရွှေမန်းဆီသို့' ဇာတ်ဝင်တေးသီချင်းကို ရေးသားခဲ့သူဖြစ်ပြီး ဒီသီချင်းနဲ့ပဲ ပိုပြီးအောင်မြင်ကျော်ကြား လူသိများခဲ့ပါတယ်။

ဆရာကြီးရဲ့ လက်ရင်းတပည့်တွေထဲမှာ မန္တလေး မျက်ပါးရပ်က ထင်ရှားသော ဆရာကြီး ဦးခင်မောင်သန်း(တေးချစ်သူ)တီးဝိုင်းဂီတမှူးကို ပထမ ပြောရမည်ထင်ပါတယ်။ ဆရာကြီး ဦးခင်မောင်သန်း၏ လက်ဦးဆရာမှာ ဆရာကြီး ဦးဘသိန်းပဲ ဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ဆရာကြီး ဦးဘသိန်း တည်ထောင်တဲ့ 'သင်္ဂဟ' အပျော်တမ်း တူရိယာအသင်းကြီးမှာ ဦးခင်မောင်သန်းဟာ လေမှုတ်ကိရိယာတွေဖြစ်တဲ့ 'ကလယ်ရီနက်'၊ 'ဆိုက်ဆိုဖုန်း' စတာတွေကို ဝင်ရောက်သင်ယူရင်း တီးမှုတ်နေပြီ ဖြစ်ပါတယ်။

၁၉၆၉-၇၀ ခုနှစ်တွေမှာတော့ တပည့်ဖြစ်တဲ့ ဦးခင်မောင်သန်းဟာ 'တေးချစ်သူ'တီးဝိုင်းကြီးကို ထူထောင်နိုင်ပြီး မန္တလေးရဲ့သင်္ကြန်ပွဲ၊ မင်္ဂလာဧည့်ခံပွဲနဲ့ တခြားပွဲပေါင်းများစွာမှာ အောင်ပွဲခံတီးမှုတ်နေပါပြီ။ ဆရာကောင်းတပည့် ပီသပါပေတယ်။

ဆရာ ဦးဘသိန်း(မန္တလေး)ဟာ ဆရာ မြို့မငြိမ်းရှိစဉ်ကပဲ မြို့မမှာ အတူတွဲ၊ အတူသွား၊ အတူစား နေခဲ့ကြသူတွေပါ။

ဆရာကြီး ဦးဘသိန်း ရေးတဲ့သီချင်းတွေထဲမှာ ပထမဦးဆုံး ထင်ရှားအောင်မြင်ခဲ့တဲ့ တေးသီချင်းက 'ဘုတ်တလုတ်ကန်'သီချင်းပါ။ မန္တလေးနန်းတော်အတွင်းက 'ဘုတ်တလုတ်ကန်'မှာ ဘုရင့်သားတော်၊ သမီးတော်တွေနဲ့ အပျိုတော်တွေ ရေကစားကြ၊ တူပုန်းကစားကြတာတွေကို ရေးဖွဲ့ခဲ့တာပါ။ တေးသံရှင် 'ထား'သီဆိုခဲ့ရာမှာ လူကြိုက်အလွန်များပြီး ဓာတ်ပြားရခဲ့တယ်။

'ဘုတ်တလုတ်ခေါ် ကန်တော်အတွင်းဝယ် အပေါင်းအဖော်များရယ် ×× စုစုရုန်းရုန်း ကစားတယ် ×× တူတူပုန်းတမ်း ကစားကြပါသတဲ့ကွယ် …' ဒီသီချင်းက အဆိုတော် 'ထား'ရဲ့ အသံနဲ့လည်း လိုက်ဖက်ခဲ့ပါတယ်။

မြို့မအဖွဲ့ကို ဆရာ ဦးဘသိန်း ရောက်လာပြီးတဲ့နောက်မှာ တေးသံရှင် ကိုအံ့ကြီးအတွက် ရေးပေးခဲ့တဲ့သီချင်းက 'ပန်းပုသူဇာ'ပါ။ ဒီသီချင်းကလည်း ကိုအံ့ကြီးအသံနဲ့ တကယ်ပဲလိုက်ဖက်ပြီး ကိုအံ့ကြီးကလည်း အဆိုကောင်းသူမို့ အောင်မြင်ခဲ့တာပါပဲ…။

'အရင် ×× ဟိုနှစ်တုန်းကပေါ့ဗျာ ×× အောင်ပွဲတွင် ××× ခင် ×× အဝါရောင်ဖျော့ဖျော့ ×× နန်းဆင်ချိတ်ကိုပဲ ×× သူမြန်းစင် ×× မှတ်မိသေးတယ် ×× အဲဒီတုန်းကပေါ့ဗျာ ×× မန်းဆန်ဆန် ×× နဂိုယဉ် ×× ကပိုကရို ×× မပြုပြင်…'

ဒီသီချင်း ဓာတ်ပြားရပြီး လူကြိုက်များတော့လည်း ဆရာ မြို့မငြိမ်းက ဦးဘသိန်းကို ထုတ်ဖော်ချီးကျူးခဲ့ပါသေးတယ်။

၁၉၅၆ ခုနှစ်မှာ မြို့မဆရာငြိမ်း ရုတ်တရက်ဆုံးပါးခဲ့ရပြီးတဲ့နောက်မှာတော့ ဆရာကြီး ဦးဘသိန်းဟာ မြို့မဂီတအဖွဲ့ကြီးရဲ့ 'ဂီတမှူး'တာဝန်ကို မလွှဲမရှောင်သာ ယူခဲ့ရပါတယ်။ ဆရာငြိမ်း မရှိတဲ့နောက်မှာ ဂီတပိုင်းနဲ့ တေးသီချင်းတွေအားလုံးက ဆရာ ဦးဘသိန်းရဲ့တာဝန်တွေပဲ ဖြစ်လာပါတော့တယ်။

အဆိုတော် ကိုအံ့ကြီး သီဆိုအောင်မြင်ခဲ့တဲ့ တေးသီချင်းတွေ အတော်များများကလည်း ဆရာကြီး ဦးဘသိန်းရဲ့ လက်ရာတွေက များပါတယ်။ ဆရာကြီး ဦးဘသိန်းနဲ့ ဇနီးတို့ အိမ်ကိုလည်း ကိုအံ့ကြီးတို့ ဇနီးမောင်နှံက ဝင်ထွက်စားသောက်ကြပြီး ရန်ကုန်ရောက်ရင်လည်း ကိုအံ့ကြီးတို့နေအိမ်မှာ ဆရာကြီး ဦးဘသိန်းတို့က ဝင်ကြ၊ စားကြနဲ့ မိသားစုလို ဖြစ်ခဲ့တယ်။

ဆရာကြီး ဦးဘသိန်းဟာ ငွေအသပြာကို အဓိကထားသူမဟုတ်ကြောင်း ကိုအံ့ကြီးရဲ့ သမီး ခင်မေအံ့ကြီးက 'ကျွန်မ ဖေဖေ အဆိုတော် ဦးအံ့ကြီး' စာအုပ်မှာ ရေးသားဖော်ပြခဲ့ဖူးပါတယ်။

အဲ့ဒီခေတ်က မြို့မတီးဝိုင်းမှာ နောင်တစ်ချိန် မန္တလေးရုပ်ရှင်ရဲ့ လူကြမ်းမင်းသားဖြစ်လာမယ့် 'ရွှေမန်းမောင်လေး'က 'ဆိုက်ဆိုဖုန်း' လေမှုတ်ကိရိယာ ဝင်မှုတ်နေပါပြီ။ ရွှေမန်းမောင်လေးဟာ တူရိယာမျိုးစုံကို စွယ်စုံတီးမှုတ်နိုင်သူအဖြစ် မန္တလေးဂီတလောကမှာ ထင်ရှားသူပါ။ ဒီကနေ့ အသက် ၉၀ ပြည့်ပေမယ့် ကျန်းမာရွှင်လန်းစွာနဲ့ ဘာသာ၊ သာသနာရေးအလုပ်တွေလုပ်ပြီး ဘဝကို အေးချမ်းစွာ ဖြတ်သန်းနေသူပါ။

မန္တလေးရုပ်ရှင်မှာ နောင်တစ်ချိန် ဇာတ်ပို့မင်းသားကြီး ဖြစ်လာမယ့် 'ရွှေမန်း ဦးအောင်ကြီး' ကလည်း အဲ့ဒီတုန်းက ဆရာကြီး ဦးဘသိန်းရဲ့ နေအိမ်ဝင်းထဲမှာ အိမ်ငှားနေထိုင်ခဲ့သူမို့ ရုပ်ရှင်ဂီတအသိုင်းအဝိုင်းနဲ့လည်း မစိမ်းပေဘူးပေါ့။ ဒါကလည်း သူ့ကို ရုပ်ရှင်လောကထဲ ရောက်သွားစေမယ့် အဓိကအချက်ပါပဲ။

ဆရာကြီး ဦးဘသိန်းကလည်း သင်္ဂဟတီးဝိုင်းကို ထူထောင်ခဲ့စဉ်ကတည်းက လေမှုတ်ကိရိယာတွေဖြစ်တဲ့ 'ကလယ်ရီနက်'၊ 'ဆိုက်ဆိုဖုန်း'စတဲ့ လေမှုတ်ကိရိယာတွေကို ကိုယ်တိုင်မှုတ်ခဲ့သလို 'မြို့မ'ကို ရောက်တော့လည်း ကိုယ်တိုင်မှုတ်တာပါပဲ။ အတုယူဖို့ကောင်းတဲ့ ဘက်စုံတော်တဲ့ ဆရာကြီးပါ။

ဦးအောင်ကြီးကတော့ မန္တလေးရုပ်ရှင် ရိုက်ကူးတဲ့ 'ဤလူ့ဘောင်တွင်'ဇာတ်ကားကြီးမှာ မရွယ်ဘဲ စော်ကဲမင်းဖြစ်လာသူတစ်ဦးပါ။ အဲဒီတုန်းက ဦးကျော်လုံးဖြစ်လာမယ့် ဦးအောင်ကြီးရဲ့နေရာ လျာထားတဲ့ ဇာတ်ပို့မင်းသားက ကိုမင်းလွင်ပါ။ မန္တလေးသားပါပဲ။

ဒါပေမဲ့ ဇာတ်ကားမရိုက်မီတစ်ရက်မှာ 'ကိုမင်းလွင်'က အမရပူရမြို့ 'ဗားကရာ'ကွေ့မှာ B.S.A ဆိုင်ကယ်ကြီး စီးလာရင်း တိမ်းမှောက်ပြီး သေဆုံးခဲ့ရှာတယ်။ ဒီမှာပဲ ဆရာကြီး ဦးဘသိန်းရဲ့နောက်မှာ အမြဲပါလာတတ်တဲ့ 'ဦးအောင်ကြီး'ကို ဒါရိုက်တာ ဆရာ ရွှေဒုံးဘီအောင်က မျက်စိကျပြီး ရုပ်ရှင်ထဲ ဝင်ရိုက်ခိုင်းပါတော့တယ်။

အဲဒီဇာတ်ကားကစပြီး ရွှေမန်းသား ဦးအောင်ကြီးလည်း ဇာတ်ကားထဲက ဇာတ်ကောင်အမည် 'ကျော်လုံး'တွင်သွားပါတော့တယ်။ 'ဦးကျော်လုံး'ဖြစ်ဖို့အကြောင်းက ဖန်လာခဲ့တာပါ။

ဆရာကြီး ဦးဘသိန်း(မန္တလေး) ကွယ်လွန်ခြင်း (၁၅)နှစ်ပြည့် အမှတ်တရ . . .

**မြတ်လင်းသူ**

## မြန်မာ့ပျားရည်ထုတ်လုပ်မှုလုပ်ငန်းနှင့် သီးနှံစိုက်ခင်းများ အပြန်အလှန် အကျိုးပြုနေ

မြန်မာနိုင်ငံ၏ ပျားမွေးရာသီမှာ ဧပြီလကုန်ပိုင်းမှ စက်တင်ဘာလကုန်ထိကာလမှာ ပျားကောင်စုဆောင်းမှု မွေးမြူကာလ ခြောက်လတာကာလအတွင်းတွင် မိုးရာသီစိုက်သည့် စိုက်ခင်းများအနီးတွင် မွေးမြူထုတ်လုပ်လျက်ရှိသည်။

ပျားရာသီက ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာအထိ ပျားအကောင် စုဆောင်းမွေးမြူချိန်ဖြစ်ပြီး အောက်တိုဘာ၊ နိုဝင်ဘာတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်ထဲက ဆီးစိုက်ခင်းတွေမှာ ပျားရည်စတင်ထုတ်လုပ်ခြင်းဖြစ်သည်။ ၄င်းမှတစ်ဆင့် နိုဝင်ဘာ၊ ဒီဇင်ဘာတွင် ပြင်ဦးလွင်၊ နောင်ချိုဒေသမှာ ပန်းနှမ်းပျားရည်ထုတ်လုပ်ပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီတွင် ထီးချိုင့်၊ ကသာဒေသကိုတက်ပြီး ဧပြီလကုန်မှာ ပျားရည်ရာသီသိမ်းပြီး ပျားရည်ထုတ်လုပ်မှုရပ်နားကာ မေလတွင် ပျားအကောင်သစ်ပြန်မွေး၍ ရာသီတစ်ပတ်လည်ခြင်း ဖြစ်သည်။

ပျားမွေးမြူခြင်းနှင့် ပျားရည်ထုတ်လုပ်ခြင်းကို မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ရာသီစက်ဝန်းအတိုင်း လှည့်လည်သွားလာနေထိုင်ကာ ပျားရည်ထုတ်လုပ်နေခြင်းဖြစ်သည်။ ပျားမွေးမြူသူ အချို့ကတော့ အောက်ပိုင်း ကရင်ပြည်နယ်အထိ သွားရောက်ကာ ပျားရည်ထုတ်လုပ်ကြသည်။

ပျားအုံပိုင်ရှင်ပေါ်မူတည်ပြီး ပျားအုံ ၃၀၀ လျှင် ကျွမ်းကျင်လုပ်သားသုံးဦးခန့် လုပ်ကိုင်ပြီး ပျားအုံ ၁၀၀ လျှင် ကျွမ်းကျင်လုပ်သားနှစ်ဦး လုပ်ကိုင်ရသည်။ ပျားပုံးတစ်ပုံးလျှင် ပျားအုံရှစ်ချပ်ပါရှိပြီး ၄င်းပျားပုံးများကို ကသာဒေသတွင် ထုတ်လုပ်ရောင်းချကာ ပျားတစ်ပုံးလျှင် ယခုအခါ ငွေကျပ် ၃၀၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။

ပျားရည်ရာသီချိန်မှာတော့ ပျားရည်ဝယ်ယူသည့်ကုမ္ပဏီက ပျားစခန်း၊ စိုက်ခင်းတွေအရောက် ပျားရည်လိုက်သိမ်းပေးကာ ဝယ်ယူပေးသည်။ ထီးချိုင့်၊ ကသာအထက်ပိုင်းမှာတော့ လက်ရှိအချိန်ထိ လမ်းပန်းဆက်သွယ်ရေးကုန်ကျစရိတ် မြင့်မားနေတာကြောင့် ပျားရည်များ သိုလှောင်ထားရှိပြီး ဈေးကွက်အတွင်းသို့ တင်ပို့နိုင်ခြင်းမရှိသေးသည့် ပျားရည်များကျန်နေသေးကြောင်း ပျားရည်လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ပျားရာသီရောက်ပြီဆိုရင် ပျားအုံချမည့် ကျေးရွာစိုက်ခင်းရှင်များနှင့် အစည်းအဝေးထိုင်ပြီး ပျားပုံးများချသည့်အတွက် ကျေးရွာရန်ပုံငွေကို လှူဒါန်းခြင်းနှင့် စိုက်ခင်းရှင်ကို ပျားပုံးအရေအတွက် အတိုင်း အခကြေးငွေပေးရတာမျိုးရှိသည်။ ပျားပုံးချခပုံသေသတ်မှတ်ဈေးမျိုး မရှိဘဲ ညှိနှိုင်းရတာနှင့် အပြန်အလှန်အကျိုးပြုသည့်လုပ်ငန်းဖြစ်သည်။

စိုက်ခင်းများအနီးအနားတွင် ပျားပုံးများလာ ရောက်ချထားခြင်းဖြင့် စိုက်ပျိုးထားသည့် သီးနှံများအောင်မြင်ဖြစ်ထွန်းမှုနှင့် ပိုးမွှားကျရောက်မှုကို သဘာဝနည်းဖြင့် ကာကွယ်ပြီးဖြစ်သလို အပင်ဝတ်မှုန်ကူးခြင်းကို



ကူညီရာရောက်သဖြင့် ပျားရည်ထုတ်လုပ်သူများနှင့် စိုက်ခင်းရှင်များ အပြန်အလှန် အကျိုးပြုနေခြင်း ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် လိုင်စင်ရ ပျားမွေးမြူသူ ၉၀၀ ကျော်ရှိပြီး ပျားအုံပေါင်း နှစ်သိန်းကျော်ဖြင့် ပျားရည်ထုတ်လုပ်လျက်ရှိကြောင်း ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပျားရည်အမျိုးအစားများမှ နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ ဆီးပျားရည်၊ လိုင်ချီးပျားရည်၊ ရာဘာပျားရည်တို့မှာ လအလိုက်၊ ရာသီအလိုက် ထွက်လျက်ရှိသည်။ ပျားမွေးမြူရေးအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးမွေးမြူလျက်ရှိသည်။

ပျားရည်ကို ပြည်တွင်းတိုင်းရင်းဆေးအဖြစ် အသုံးပြုသလို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်တာကြောင့် နိုင်ငံခြားဝင်ငွေရရှိနေသည်။ မြန်မာ့ပျားရည်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးနှစ်မျိုးစလုံးကနေ တင်ပို့ရောင်းချနေရာ ပြီးခဲ့သည့် ပျားရည်ရာသီ ဧပြီလအထိ ပျားရည်တန်ချိန် ၁၃၀၀ ကျော်တင်ပို့ရောင်းချမှုကနေ အမေရိကန် ဒေါ်လာ ၂ သန်းနီးပါး ဝင်ငွေရရှိထားကြောင်း ကုန်သွယ်မှုသတင်းများက ဖော်ပြထားသည်။

ပြည်ပဈေးကွက်မှာ မြန်မာ့ပျားရည် တစ်တန်ပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၅၀၀-၃၀၀၀ ကြားရရှိနေသည်။ မြန်မာနိုင်ငံမှ နှစ်စဉ်ပျားရည်တန်ချိန် ၇၀၀၀ ခန့်ထွက်ရှိပြီး နှစ်စဉ် တန်ချိန် ၃၀၀၀ ခန့် တင်ပို့ရောင်းချလျက်ရှိရာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ စင်ကာပူနှင့် ဥရောပဈေးကွက်သို့ တင်ပို့နေသည်။

လက်ရှိအချိန်တွင် မြို့နယ်ပေါင်း ၃၁ မြို့နယ်တွင် အစိုးရပိုင် ပျားမွေးမြူရေးစခန်း ၃၁ ခု ဖွင့်လှစ်လုပ်ကိုင်နေကြောင်း ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက ထုတ်ပြန်ထားသည်။

**ရွှေမန်း**

❖ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပေးထားခြင်းသည် အမှန်တကယ် ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်...

❖ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင်မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင် ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု၊ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တောင်သူများ ပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများရွေးချယ်ရေး အခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၃**

တောင်သူများ ပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများ ရွေးချယ်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာန စိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်ကြသည်။(ယာပုံ)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်သည့် ရေအနည်းလို ရေငတ်ဒဏ်ခံစပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် လိုအပ်မည်ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စမ်းသပ်စိုက်ပျိုးထားသော ယာစပါးမျိုး (၄) မျိုးကို ယနေ့တက်ရောက်လာသော တောင်သူများကိုယ်တိုင် ရွေးချယ်သွားကြရန်ဖြစ်ကြောင်း၊ တောင်သူအကြိုက်ဆုံးမျိုးကို လာမည့်စိုက်ပျိုးရာသီအချိန်မီဖြန့်ဝေရန် ဌာနပိုင်ခြံများတွင် မျိုးပွားထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ယာစပါးစိုက်ဖူးသူ တောင်သူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးသွားကြရန် ဖိတ်ခေါ်ပါကြောင်း။

ယခုကဲ့သို့ မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ချက်သည် ဒေသဝမ်းစာဖူလုံရေးအတွက် သာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်းအပါအဝင် သဘာဝဘေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ကျော်လွှားနိုင်ရေးကိုလည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေငတ်ခံစပါးမျိုးများကို မိတ်ဆက်ရှင်းလင်းပြီး ယာစပါးစိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် နေပြည်တော်ကောင်စီနယ်မြေမှ တက်ရောက်လာကြသူ တောင်သူ ၉၀ တို့က စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနစိုက်ကွင်း၌ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားသည့် ရေငတ်ခံစပါးမျိုး (၄) မျိုးကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီပညာရှင်များက စပါးမျိုးတစ်မျိုးချင်း၏ မျိုးဗီဇလက္ခဏာများ၊ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးထားရှိမှုနှင့် လက်ရှိစိုက်ပျိုးမြေ၏ အစိုဓာတ်အခြေအနေများကို အသေးစိတ် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးတောင်သူများသည် စပါးမျိုးတစ်မျိုးချင်းမှ ထွက်ရှိသော ဆန်အားချက်ထားသည့် ထမင်းများကို လက်တွေ့မြည်းစမ်းကြပြီး နှစ်သက်ရာ စပါးမျိုးကို မဲပေးရွေးချယ်ခဲ့ကြသည်။

ရေငတ်ခံစပါးစိုက်ပျိုးခြင်းသည် ရေလိုအပ်ချက်နည်းပြီး မိုးခေါင်ဒဏ်၊ အပူဒဏ် ခံနိုင်ရည်ရှိသဖြင့် မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်ခြင်း၊ သက်တမ်းတိုခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ပြီး မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှုနည်းပါးမှုကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုကို နည်းပါးစေခြင်း စသည့် အားသာချက်များရှိနေသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင် စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ ကွင်းဆင်းမျိုးရွေးချယ်ရန် စိုက်ပျိုးထားသော ယာစပါးမျိုးစိုက်ခင်းများကို ဆည်ရေမသွင်းဘဲ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ပညာရှင်များ၏ ကွင်းဆင်းလေ့လာချက်အရ ရေနံချောင်း၊ ချောက်မြို့နယ်များ၌ သဘာဝအတိုင်းရရှိသည့် မိုးရေဖြင့် စိုက်ပျိုးနိုင်သော စပါးမျိုးများဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရတနာပုံအသင်းက သစ္စာအားမာန်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) အဖြစ် ယနေ့ ညနေ ၄နာရီက ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင် ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက သစ္စာအားမာန်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ရတနာပုံ အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် သက်ထွန်းအောင်၊ ပွဲချိန် ၂၅မိနစ်တွင် ပြည်မိုး၊ ပွဲချိန် ၇၃ မိနစ်နှင့် ၇၉မိနစ်တွင် စိုးမင်းဦးတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို စိုးမင်းဦးက ဆွတ်ခူးခဲ့သည်။

ရတနာပုံ အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် သုံးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အခြားပွဲစဉ်အဖြစ် YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားလျက်ရှိသော ရန်ကုန်ယူနိုက်တက် အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ပွဲစဉ်သည် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် ဘောလုံးပွဲအား ခေတ္တရပ်နားခဲ့သည်။ သို့သော်မိုးဆက်လက်ရွာသွန်းလျက်ရှိပြီး ပွဲပြန်လည်ကစားရန် အဆင်မပြေသည့်အတွက် ပွဲစဉ်အား လုံးဝရပ်နားရွှေ့ဆိုင်းခဲ့ရပြီး ပြန်လည်ကစားမည့် နေ့ရက်နှင့် အချိန်၊ ကွင်းတို့အား ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

နိုင်ကမ္ဘာ

## ပရီးမီးယားလိဂ် ပွဲစဉ် (၄)တွင် အာဆင်နယ်၊ နယူးကာဆယ်၊ ဘုန်းမောက်၊ စပါးအသင်းတို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့

**လန်ဒန် စက်တင်ဘာ ၁၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)တွင် အာဆင်နယ်၊ နယူးကာဆယ်၊ ဘုန်းမောက်၊ စပါးအသင်းတို့ နိုင်ပွဲကိုယ်စီ အသီးသီး ရယူနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၄) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီက အာဆင်နယ် အသင်းနှင့် နော့တင်ဟမ်ဖောရက်စ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၂မိနစ် နှင့် ၇၉မိနစ်တွင် ဇူဘီမန်ဒီ၊ ပွဲချိန် ၄၆မိနစ်တွင် ယိုကယ်ရက်စ်က သွင်းယူပေးခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲတွင်လည်း နယူးကာဆယ် အသင်းက ဝုဖ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဘုန်းမောက်အသင်းက ဘရိုက်တန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးနိုင်ပွဲ ရယူနိုင်ခဲ့သည်။

ဆက်လက်၍ ယနေ့မြန်မာစံတော်ချိန် ည ၁၁နာရီတွင် စပါးအသင်းနှင့် ဝက်စ်ဟမ်း အသင်းတို့ပွဲစဉ်၌ စပါးအသင်းက ဝက်စ်ဟမ်းအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄၇မိနစ်တွင် ပါပီဆား၊ ပွဲချိန် ၅၇မိနစ်တွင် ဘာဂါဗယ်၊ ပွဲချိန် ၆၄မိနစ်တွင် ဗန်ဒီဗန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ (NGB)

